ဗုဒ္ဓဓံတေါ့ဖုတ်ကျမ်း

ရန်ကုန်တိုင်းရေးမှူးရုံး

(သာဓုမြတ်ဆန်း)

စကားဦး

ဗုဒ္ဓဝါဒီ တိုင်းအဖို့ ဓမ္မစကြာသည် အလွန် အရေးကြီး၏။ ထို့အတူ သစ္စာ ၄-ပါးကို သဘောပေါက် နှလုံးသွင်းနိုင်ရန် အတွက် အနုတ္တလက္ခဏာသည်လည်း အလွန် အရေးကြီး၏။

ထို့ကြောင့် ဤ ၂-သုတ်ကို မူရင်းပါဠိတော်အတိုင်း မူမ ပျက် အလွယ်ဆုံးနှင့် အရှင်းဆုံး တပိုဒ်စီ တပိုဒ်စီ ပြန်ဆိုလိုက် ၏။

ပါဠိတော်ကို ဤသို့ တပိုဒ်စီ တပိုဒ်စီ ပြန်ဆိုရသည်မှာ လွယ် ကူလှသည်ကားမဟုတ်။ အဓိပ္ပါယ် ထပ်တူထပ်မျှ အတိအကျ ဟတ်မိနိုင်ရန် ခဲယဉ်းပါ၏။ သို့သော်ငြားလည်း မူလဗုဒ္ဓရှင်၏ ဆိုလိုရင်း အာဘောဂ အနက်သဘောကို အနီးကပ်ဆုံး၊ အထိ ရောက်ဆုံး အဓိပ္ပါယ် အပြည့်ဆုံး၊ အပိုအလိုမရှိ အရနိုင်ဆုံး ဂုဏ် မိ နိုင်ပေလိမ့်မည်ဟု ယူဆပါသည်။

တဖက်ရှိ ပါဠိတော်များအတိုင်း အစဉ်လိုက် ဖတ်သွားပါက မူလ ပါဠိတော်သုတ်ရင်းကို ရှုတ်ဆိုသည့်အတိုင်း ရပါသည်။ နောက်တဖက် ပြန်ဆိုချက်ပါ မြန်မာအဓိပ္ပါယ်များကို အစဉ်အ လိုက် ဖတ်ချသွားပါကလည်း၊ အဓိပ္ပါယ်မပျက် အနက်သဘော ထင်မြင်နိုင်ပါလိမ့်မည်။

ဤသို့ ရနိုင်ရန် သဒ္ဒါပုဒ်ဆစ် ပုဒ်ဖြတ်ထက် အနက်သဘော ထင်ထင်ပေါက်ရန်ကိုသာ အဓိက ထားပါသည်။

ဤ ၂-သုတ်ကို ဗုဒ္ဓရှင်သည် ဘုရားဖြစ်သည်နှင့် တပြိုင်နက် ၂-လ အကြာ မရှေးမနှောင်းအချိန်တွင် ပထမဆုံးအကြိမ် အဖြစ် ပဉ္စဝဂ္ဂ ၅-ဦးတို့မှ တဆင့် ဤလောကသားတို့သို့ လက်ဦးဆုံး ဟောကြား ဖွင့်ထုတ်လိုက်သော ဗုဒ္ဓ၏ အခြေခံမူရင်း ဖြစ်ပေသည်။

ထို့ကြောင့် ပိဋကတ်သုံးပုံခေါ် ဗုဒ္ဓဝါဒ ဆိုင်ရာ သဘောတရား ရေးဖြစ်သော မူလ အခြေခံ တရားအားလုံး၏ အနှစ်သာရမျှားသည် ဤသုတ် ၂-သုတ်၌ အားလုံး အကြုံးဝင်နေပေသည်။

ဗုဒ္ဓရှင်သည် ဓမ္မစကြာသုတ်ဖြင့် "ဤလောကသည် ဘာ့ကြောင့် ဘာဖြင့် ဤသို့ ဖြစ်နေသည်" ဟု ရှုမြင်သည့်အတိုင်း သုံးသပ်ဖွင့်ထုတ်တော်မူလိုက်ခြင်း ဖြစ်သည်။

နောက်တဖန် အနတ္တလက္ခဏာသုတ်တွင် "ဤသို့ ဖြစ်နေသော လောကဒဿတွင်း၌ "ငါ" ဟူသော အတ္တသည် တကယ်မရှိ၊ အထင်အစဲမျှသာ ဖြစ်သည်။ ထို့ကြောင့် "ငါမဟုတ်" တည်းဟူသော "ငါမဲ့ဝါဒ" ကို ဖွင့်ထုတ်၍ ချမှတ်တော်မူလိုက်ခြင်းဖြစ်သည်။

ဤတွင် ဗုဒ္ဓဝါဒကိုင့်မိရန်အရေးကြီး၏။ ဤ "ဓမ္မစကြာ" နှင့် "အနတ္တလက္ခဏာ" တွင် ဗုဒ္ဓရှင်သည် ဤလောကအား ဓမ္မစကြာဖြင့် သုံးသပ်ဆင်ခြင်၍ အနတ္တဝါဒကို ချမှတ်ခါ ဒုက္ခအားလုံးမှ ငြိမ်းဝေရေးကို လက်ညှိုးညွှန်တော်မူခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓ၏ဝါဒသည် "အနတ္တဝါဒ" အမှန် ဖြစ်လေသည်။ အနတ္တဝါဒအရ "ငါ" ဟူသော အတ္တ သဘောယုံမှတ် စွဲယူမှားနေခြင်းကို ပယ်ဖျောက်၍ "ငါမဟုတ်" လောက၏ သဘောသဘာဝအရသာ ရုပ်နာမ်ဓမ္မတို့၏ သဒ္ဓါရ လက္ခဏာသာလျှင် ဤလောကဟူ၍ ပေါ်နေခြင်း ဖြစ်သည်ဟု ဘုရားဖြစ်သည့် ပထမ ဆုံး ဝါဘီးတွင် ဟောကော်မူလိုက်ခြင်းဖြစ်သည်။

ဗုဒ္ဓဝါဒ အစစ်ကို လေ့လာကျင့်သုံးလိုသူတို့သည် ဗုဒ္ဓ၏ ပထမ လက်ဦးဆုံး ဟောချက်တော်မူလိုက်သော ၂-သုတ်ပါ တရားတော်များကို အကျယ်ဆပ် အလီလီ အနုလုံ-ပဋိလုံ အပြန်အလှန် လေ့လာ သဘောပေါက်ရန် အထူးလိုပေသည်။

ဤ ၂-သုတ်ကို ပြဋ္ဌာန်းစွာ သဘောပေါက် နားလည်သည့် နှင့်တပြိုင်နက် ဗုဒ္ဓအစစ်ကိုလည်း တွေ့မည်။ ဗုဒ္ဓ လက်ညှိုးညွှန်သော ပန်းတိုင်ကိုလည်း ထင်ထင်လင်းလင်းကြီး မြင်နိုင်ပြီ ဖြစ်သည်။

ဤ ၂-သုတ်၌ အပြန်အလှန် သဘောပေါက်ပြီးသူသည် သာလျှင် ပဋ္ဌာန်တော် သုံးပုံခေါ်သော စာပေလေးကျောင်းသို့ မျက်စေ့မလည်တန်း ဒိုးလျှိုထုတ်ပေါက် ကူးမြောက် ဖြတ်သန်း နိုင်ပေလိမ့်မည်။

ဗုဒ္ဓရှင်၏ တရားရင်းမူလ အခြေခံကား "သစ္စာ ၄-ပါး" ပင်ဖြစ်သည်။ ယင်း "သစ္စာ ၄-ပါး"ကို သိမြင်ရန်သည်လည်း "ငါ မဲ့" အတ္တမစင်က အမှန်ကို သိမြင်ရန် မလွယ်သကဲ့သို့ "ငါမဲ့" အနတ္တာဝါဒဖြင့် ဗုဒ္ဓရှင်ချမှတ်တော်မူလိုက်ခြင်း ဖြစ်သည်။

ဤ ၂-သုတ်ကို ဗုဒ္ဓသည် ဘုရားအဖြစ်ရောက်သော မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဝါဆိုလတွင် မိဂဒါဝုန် တောဘွဲ့ ပဉ္စဝဂ္ဂီ ၅-ဦးတို့ကို စတင်ပြီး ဟောတော်မူခဲ့သည်။ ထိုအချိန်က ဗုဒ္ဓသည် သက်တော် ၃၅-နှစ် ရှယ်မျှသာ ရှိပေသေး၏။ ဓမ္မစက္ကြာသုတ်ကို ဝါဆိုလပြည့်နေ့ ညဦးချိန်ကစ၍ ဟောတော်မူပြီးနောက် ၅-ရက် အကြာ ဝါဆိုလဆုတ် ၅-ရက်နေ့တွင် တဖန် အနတ္တလက္ခဏာသုတ်ကို ယပ်မဟောတော်မူသည်။

ယင်း ပထမဆုံး ဝါဖြစ်သော မိဂဒါဝုန်တွင် ၄-လမျှ ဘုရားရှင်းသုံးတော်မူသည့်အတွင်း နောက်တပ် အဘယ်တရား အဘယ်သုတ်ကိုမျှ အထူးမဟော၊ ဤ ၂-သုတ်ပါ အချက်အလက်များကိုသာ ၄-လ တိုင်တိုင် မရပ်မနားဟောမြွက်တော် မူခဲ့သည်။

ပထမဝါ မိဂဒါဝုန်၌ ဟောသော ဤ ၂-သုတ်မျှဖြင့် ပဉ္စဝဂ္ဂီ အပါအဝင် ယဿ သဟိုသားစသော ၆၀-မျှသော တရားနာ ပရိတ်သတ်အားလုံး အရိယာ အသင်္ချာ လွတ်မြောက်ပွင့်ပေါက် ဇာတိမ်းတော်မူကြပေသည်။

ဤသည်ကို ကြည့်က ဤဓမ္မကြာနှင့် အနတ္တလက္ခဏာ ၂-သုတ်ပါ အနက်အဓိပ္ပါယ်များသည် အဘယ်မျှ ဇလေးနက် သိရှောက်သည်ကို ခန့်မှန်းနိုင်ကြပေလိမ့်မည်။

ဤ ၂–သုတ်ပါ စကားများ သည် ပိဋကတ်အားလုံး၏ အချုပ်အချာ အနှစ်သာရများချည်း ဖြစ်သည်။

ဤ ၂-သုတ်ပါ သစ္စာမဂ္ဂင် အနုတ္တလက္ခဏာ ခန္ဓာတို့ကို လေ့လာက ပဋိစ္စသမုပ္ပါဒ်, ခေတ်, ပဋ္ဌာန်း စသည်တို့သည် တပါတည်း အကြုံးဝင်လာပေလိမ့်မည်။

ထို့ကြောင့် စာရေးသူသည် ကိုယ်ဉာဏ် အတွေ့နောမတိ ဟူ၍ တစက်မျှ မစွက်ဖက်ဘဲ၊ ဤမမှန်ကြောနှင့် အနုတ္တ လက္ခဏာ ၂-သုတ်ကို သူ့နဂိုရိုးမူရင်းအတိုင်း အဓိပ္ပါယ်မပျက် ပြန်ဆိုတင်ပြလိုက်ပါသည်။

နောက်ပိုင်း ရှင်းလင်းချက်များကိုလည်း ဗုဒ္ဓဝါဒီ လောကမှ အားလုံးလက်ခံပြီးဖြစ်သော ပိဋကတ်အရပ်ရပ်ပါ သုတ်ဒေသနာများဖြင့်သာ ကိုးကားရှင်းလင်းသွားမည် ဖြစ်ပါသည်။

ဤသို့ရှင်းလင်းရာ၌ သစ္စာ ၄-ပါးကိုသာ အဓိက မဏ္ဍိုင်ထားပြီး-ဒုက္ခသစ္စာ မှစ၍၊ နိရောဓသစ္စာဖြင့်၊ ဆုံးသော ဗုဒ္ဓ၏ မူရင်းဒေသနာများကိုသာ၊ အလေးအနက်ပြု၍ သစ္စာ ၄-ပါးတွင်၊ ဘယ်လိုမှ အံမဝင် ဂွင်မကျ ပါဘဲလျက် ပိဋကတ်တွင် ဝင်ရောက်ပြီး ဗုဒ္ဓဒေသနာ ယောင်ဆောင်နေသော ဂွ ဂလန် ဗြဟ္မဏ ဝေဒ ဒေသနာ အဟာတွေကိုလည်း ပြတ်ပြတ် သားသား ဖေါ်ထုတ်သွားလိမ့်မည်ဖြစ်ပါသည်။

ယနေ့ ဘာသာ သာသနာရေး ပြဿနာသည် အလွန် ဘရေးကြီးသော အခြေအနေသို့ ရောက်နေချေပြီ။ အသိလွဲလျှင် ကျောက်ထဲကျရန် လက်မတင်ကလေးရှိတော့ပြီ။

ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်များမှာ ပုံစံပျက်လုမတတ် အရောရော အနှောနှောတို့၏ဒဏ်ကို ခံနေခဲ့ရသည်မှာ ကြာပြီ။

ဤအနှောက်အယှက်တို့၏ ဒဏ်ကို ဖယ်ရှားသန့်စင်ရန်သည် အခြားမရှိ။ ဗုဒ္ဓ၏ ပထမဆုံးဝါဒ် စတင်ဖွင့်ထုတ် ဟောတော်မူလိုက်သော ဓမ္မစက္ကြာနှင့် အနတ္တလက္ခဏာ သည်သာ အထိရောက်ဆုံးနှင့် အခိုင်မာဆုံးလက်နက်ဖြစ်ပေသည်။

ထို့ကြောင့် ဤ ၂-သုတ်ပါ ပါဠိနှင့်မြန်မာ ပြန်ချက်များကို အာဘိဓါန်ကဲ့သို့ တပိုဒ်ချင်း လုံးစေ့ပတ်စေ့ဖြစ်အနီးကပ်ဆုံး ဂုဏ်မိုးနိုင်ကြရန် ပြန်ထိုလိုက်ပါသည်။

ဗုဒ္ဓ သာသနာတော်ကြီး အဓွန့်ရှည်စွာ ကြံ့ကြံ့ ခိုင်ခိုင် မယိမ်းမယိုင် တည်ရှိစေလိုသော ဗုဒ္ဓဝါဒီစစ်စစ်များ အားလုံး လုံးစေ့ပတ်စေ့ အကဲခတ်လေ့လာပြီးလျှင်၊အတွင်းရန် သာသနာ့အန္တရာယ်တို့ကို ဖယ်ရှားကျင့်သုံးနိုင်ကြပါစေ သတည်း။

သစင်မြတ်ဆိုင်

ဓမ္မစကြာသုတ်

ဘတ် ရှတ် ရန် ဤ ဓမ္မစကြာသုတ် ပါဠိသတ်သတ် ရှတ်ဆိုလိုသူ ရည်ညွှန်းချက် တို့သည် စာလုံးမဲဖြင့် ပြထားသော ပါဠိစာမျှားကို အထက်မှ အောက်သို့ ဆက်၍ ဘတ်ရှတ်က အစဉ်အတိုင်း ဖြစ်ပါသည်။ မြန်မာသက်သက် ဘတ်ရှတ် လိုသူ တို့လည်း အထက်မှအောက်သို့ ဆက်၍ဘတ်ရှတ်က အစဉ်အတိုင်း အဓိပ္ပါယ် ပေါ်ထွက်ပါသည်။

၁။ ပဏာမ

(၁) ဘိက္ခုနံ ဗဟု•ဂ္ဂိနံ = ငါးဦးအစုရှိသော ရဟန်းတို့အား၊
ဂ္ဂသိပတနေ နာ•မကေ = ဂ္ဂသိပတနအမည်ရှိသော၊
မိဂဒါယေ = သားတို့အား ဘေးမဲ့ ပေးရာကောင်၊
ဓမ္မဝရံ ယံတ နိဗ္ဗာနပါပကံ = နိဗ္ဗာန်သို့ ရောက် စေတတ် သော တရားကို၊
သဟံပတိ နာမကေန = သဟံပတိ အမည်ရှိသော၊
မဟာ ဗြဟ္မာ ပေါ်မှ = ဗြဟ္မာကြီးသည်
ယာစိတော = တောင်းပန်အပ်သည် ဖြစ်၍၊

စတုသစ္စံ	=	အမှန်တရား ၄-ပါးကို
ပကာသနော	=	ပြတော်မူလျက်၊
လောကနာထော	=	လူတို့ကိုးကွယ်ရာ ဘုရားရှင်သည်
အဒေသယိ	=	ဟောတော်မူပြီ။
နိဗ္ဗိတံ သဗ္ဗဒေဝေဟိ	=	နတ်အားလုံး နှစ်သက်ဖွယ် ဖြစ်သော
သဗ္ဗသမ္ဘတ္တိ သာဓကံ	=	စီးပွားအလုံးစုံ ပြည့်စုံစေတတ်သော
သဗ္ဗလောကဟိတတ္ထာယ	=	လောက အားလုံး၏ အကျိုးစီးပွား အလို့ငှါ၊
ဓမ္မဝက္ကံ	=	ဓမ္မစက္ကြာ တရားတော်ကို
ဘဏာမဟေ	=	ရွတ်ကြကုန်စို့၊ သူတော်ကောင်း အပေါင်းတို့။

(အထက်ပါလို့သည် ဓမ္မစက္ကြာသုတ်တော ကို ရွတ်ရန် ခွဲးဆော် ကိုက်တွန်းသော ပုဒ်သာ ဖြစ်သည်။ ဗြဟ္မာကြီး တောင်းပန်၍သာ ဘုရားက ဟောရ သလိုလို - ပါ၍နေသည်ကို သတိပြုကြကုန်။) (နေ၁၀်ခေတ်မှ ထည့်ပုဒ်ဖြစ်သည်။)

မူလ ပထမ သံဂါယနာတင်ရာ၌ အရှင်အာနန္ဒာ မဂဏ္ဍိကရှင်မဟာကဿပသို့ လျှောက်ထားချက်ကား အောက်ပါအတိုင်း ဖြစ်သည်။

(၂)ဧဝံ	=	ဤသို့
မေ	=	တပည့်တော်သည်
သုတံ	=	ကြားလိုက်ရ၏။
ဧကံ	=	တခုသော

သမယံ	=	အခါ၌
ဘဂဝါ	=	မြတ်စွာဘုရားသည်
ဗာရာဏသိယံ	=	ဗာရာဏသီပြည်၌
ဝိဟရတိ	=	နေတော်မူ၏။
ဣသိပတနေ	=	ဣသိပတန အမည်ရှိသော
မိဂဒါယေ	=	သားတို့အား ဘေးမဲ့ပေးရာတော၌
တတြခေါ	=	ထိုအရပ်ဝယ်
ဘဂဝါ	=	မြတ်စွာဘုရားသည်
ပဉ္စဝဂ္ဂိယေ	=	၅-ဦးအစုရှိသော
ဘိက္ခူ	=	ရဟန်းတို့ကို
အာမန္တေသိ	=	ခေါ်တော်မူ၏။

မြတ်စွာဘုရား၏ ဓမ္မစြဲကြာတရားတော်
ဤမှစသည်
အစွန်းလွန် ၂-ဖက်

(၃)ဒွေမေ ဘိက္ခဝေ အန္တာ = ရဟန်းတို့ တရားလွန် အစွန်းကြီး ၂-ခုကို

ပဗ္ဗဇိတေန	=	တကဲ့ ဇဋသတ္တိနှင့် ကိလေသာ ပယ်လို သူသည်
နသေဝိတဗ္ဗာ	=	မမှီဝဲ မလိုက်နာအပ်။
ကတမေဒ္ဒေ	=	အဘယ်(အစွန်း) ၂-ခုနည်း
ယောစာယံ	=	အကြင် ၂-ခုသော (အစွန်း)သည်
ကာမေသု	=	ကာမ ၅-မျိုးတို့၌

(၄)ကာမသုခလ္လိကာနုယောဂေါ = ကာမဂုဏ်နှင့် ယှဉ်သော
ဟီနော = ယုတ်သော
ဂမ္မော = ရွာသူ့လေ့ဖြစ်သော
ပေါထုဇ္ဇနိကော = သာမန်လူတို့၏ အကျင့်ဖြစ်သော
အနရိယော = သူမြတ်တို့၏ အလေ့မဟုတ်သော
အနတ္ထသံဟိတော = အကျိုးမဲ့ဖြစ်သော
ယောစဝယ် = အကြင်တရား

(၅)အတ္တကိလမထာ နုယောဂေါ = မိမိကိုယ်ကို ညှဉ်းဆဲပူပန်
စေတတ်သော
ဒုက္ခော = ဆင်းရဲသော
အနရိယော = သူမြတ်တို့၏ အလေ့မဟုတ်သော
အနတ္ထသံဟိတော = အကျိုးမဲ့ဖြစ်သော(အလုပ်)

အလယ်အလတ် လမ်းစဉ်

ဧတေတေါ ဘိက္ခဝေ ဥဘောအန္တေ = ရဟန်းတို့ ယိုအစွန်း ၂-ခု၏
ဘက်ကို
(၆)အနုပဂ္ဂပ္ပ = မကပ်မှီ၍
မဇ္ဈိမပဋိပဒါ = အလယ် အလယ်လမ်းစဉ် (အကျင့်ကို)
တထာဂတေန = ဘုရားသည်
အဘိသမ္ဗုဒ္ဓါ = အတုင်းအပြင် အားလုံးဥ ဩတော်မူပြီ
(၇)စက္ခုကရဏီ = မျက်စေ့အမြင်ကိုဖြစ်စေတတ်သော
ဉာဏကရဏီ = ဉာဏ်အမြင်ကို ပွင့်စေတတ်သော
ဥပသမာယ = ငြိမ်းချမ်းခြင်းငှါ

အဘိညဲ့ယ	=	ထိုးထွင်းရ၍ သိခြင်းငှာ
သမ္မောဓါယ	=	စေ့စေ့ထင်ထင် သိမြင်ခြင်းငှာ
နိဗ္ဗာနာယ	=	အစ့ဲကုန်ခြင်းငှါ
သံဝတ္တတိ	=	ဖြစ်စေလေပြီ။

နိဗ္ဗာန်ချမ်းသာကို သိတော်မူပြီ

(ဂ)ကတမာစ သာ	=	ထို ၂-ပါး အဘယ်နည်း
ဘိက္ခဝေ	=	ရဟန်းတို့
မဇ္ဈိမပဋိပဒါ	=	အလယ်အလတ်လမ်းစဉ် (အကျင့်ကို)
တထာဂတေန	=	ဘုရားသည်
အဘိသမ္ဗုဒ္ဓါ	=	အတွင်းအပြင် အားလုံးသိတော်မူပြီ
စက္ခုကရဏီ	=	မျက်စေ့အမြင်ကို ဖြစ်စေတတ်သော
ညာဏကရဏီ	=	ညာဏ်အမြင်ကို ပွင့်စေတတ်သော
ဥပသမာယ	=	ငြိမ်းခြင်းငှာ
အဘိညာယ	=	ထိုးထွင်းရ၍ သိခြင်းငှါ
သမ္မောဓါယ	=	စေ့စေ့ထင်ထင် သိမြင်ခြင်းငှာ
နိဗ္ဗာနာယ	=	အစ့ဲကုန်ခြင်းငှါ
သံဝတ္တတိ	=	ဖြစ်၏။

မဂ္ဂင်လမ်းစဉ်

အယမေဝအရိယော	=	ဤသူမြတ်တို့၏ တရားသည်
အဋ္ဌင်္ဂိကော	=	အင်္ဂါရှစ်ပါးရှိသော
မဂ္ဂေါ	=	လမ်းခရီးတည်း
သေယျထိဒံ	=	အဘယ်ဟာနည်း။

မဂ္ဂင်ရှစ်ပါး

(၉)သမ္မာဒိဋ္ဌိ = မှန်သောအမြင်
သမ္မာသင်္ကပ္ပေါ = မှန်သော အကြံအစည်
သမ္မာဝါစာ = မှန်သောစကား
သမ္မာကမ္မန္တော = မှန်သောအလုပ်
သမ္မာအာဇီဝေါ = မှန်သောအသက်မွေးခြင်း
သမ္မာဝါယာမော = မှန်သောအားထုတ်မှု
သမ္မာသတိ = မှန်သောအာရုတ်သတိ
သမ္မာသမာဓိ = မှန်သောတည်ငြိမ်မှု

အလယ်လမ်းစဉ်သာ နိဗ္ဗာန်ချမ်းသာ ရစေသည်။

(၁၀)အယံခေါသာဘိက္ခဝေ = ရဟန်းတို့ ဤသည့်တရားသည်
မဇ္ဈိမပဋိပဒါ = အလယ်အလတ်လမ်းစဉ် (အကျင့်ကို)
တထာဂတေန = ဘုရားသည်
အဘိသမ္ဗုဒ္ဓါ = ကိုယ်ပိုင်အားလုံး သိတော်မူပြီ
စက္ခုကရဏီ = မျက်စေ့အမြင်ကို ဖြစ်စေတတ်၏
ဉာဏကရဏီ = ဉာဏ်အမြင်ကို ပွင့်စေတတ်၏
ဥပသမာယ = ငြိမ်းဇေစခြင်းငှါ
အဘိညာယ = သိုးသွင်းရှု သိခြင်းငှါ
သမ्बောဓာယ = ဇေ့ဇေ့ထင်ထင် သိမြင်ခြင်းငှါ
နိဗ္ဗာနာယ = အစဲကုန်ခြင်းငှါ
သံဝတ္တတိ = ဖြစ်ဇေ၏။

ခန္ဓာငါးပါးအစုသည် ဆင်းရဲသည်။

ဒုက္ခအရှိ - ဒုက္ခသစ္စာ

(၁၁)ဣဒံခေါပနဘိက္ခဝေ = ရဟန်းတို့ ဤတရားသည်ကား
ဒုက္ခံ = ဆင်းရဲခြင်းဟု
အရိယသစ္စံ = မြတ်သောအမှန် ဖြစ်၏။

(၁၂)ဇာတိပိဒုက္ခာ = အဖြစ်သဘောသည် ဆင်းရဲ၏။
ဇရာပိဒုက္ခာ = ရင့်အိုရခြင်းသည် ဆင်းရဲ၏။
ဗျာဓိပိဒုက္ခော = အနာနှိပ်စက်ခြင်းသည် ဆင်းရဲ၏။
မရဏံပိဒုက္ခံ = သေခြင်းသည် ဆင်းရဲ၏။

(၁၃)အပ္ပိယေဟိ = မနှစ်သက်ရာနှင့်
သမ္မယောဂေါ = ယှဉ်တွဲရခြင်းသည်
ဒုက္ခော = ဆင်းရဲ၏
ပိယေဟိ = နှစ်သက်ရာနှင့်
ဝိပ္ပယောဂေါ = ကင်းကွာရခြင်းသည်
ဒုက္ခော = ဆင်းရဲ၏
ယံပိစ္ဆံ = အကြင်အလိုရှိရာကို
နလဘတိ = မရခြင်းသည်
တမ္ပိဒုက္ခံ = အလားတူဆင်းရဲ၏။

(၁၄)သံခိတ္တေန = အတိုချုပ်အားဖြင့်
ပဉ္စုပါဒါနက္ခန္ဓာပိ = အစဲ့မကင်းသော ခန္ဓာငါးပါး၏ အစု
သည်
ဒုက္ခာ = ဆင်းရဲချည်းသာတည်း။

တဏှာသည် အရင်းခံလက်သည် ဒုက္ခ၏ အကြောင်းရင်း သမုဒယသစ္စာ

ဣဒံခေါ၊ ပနဘိက္ခဝေ = ရဟန်းတို့ ဤတရားသည်ကား
ဒုက္ခသမုဒယံ = ဝန်းရံခြင်း၏ အကြောင်းတည်းဟု
အရိယသစ္စံ = မြတ်သောအမှန်ဖြစ်၏။
(၁၅)ယာယံတဏှာ = ပဋိဘဝခြင်းသာလောင် တပ်မက်မှုသည်
ပေါနောဘဝိကာ = ဘဝကိုဖြစ်စေတတ်သော
နန္ဒိရာဂ = နှစ်သက်စဲ့ကပ်မှုနှင့်
သဟဂတာ = သဟဇာတကွဖြစ်သော
တတြတတြာဘိနန္ဒိနီ = သည်သည်ဘဝတို့ နှစ်သက်တတ်၏
သေယျထိဒံ = အဘယ်သို့နည်း။
(၁၆)ကာမတဏှာ = ကာမဆာခြင်း
ဘဝတဏှာ = ဘဝဆာခြင်း
ဝိဘဝတဏှာ = ဘဝငြီးစိမ် မက်ခြင်း။

တဏှာငြိမ်းမှ ဇာတ်သိမ်းသည် ဒုက္ခကုန်ဆုံးခြင်း နိရောဓသစ္စာ

ဣဒံခေါ၊ ပနဘိက္ခဝေ = ရဟန်းတို့ ဤတရားသည်ကား
ဒုက္ခနိရောဓံ = ဆင်းရဲမှု ကုန်ဆုံးခြင်းသာလျှင်၊
အရိယသစ္စံ = မြတ်သောအမှန်ဖြစ်သည်။

(၁၇)ယောတဿာ၊ယေစတဏှာယ = အကြင်ဆာလောင်မှု
အသေသ = အကြွင်းမရှိ
ဝိရာဂ = ကပ်ငြိခြင်းကင်းစွာ
နိရောဓော = ချုပ်ငြိမ်းလေပြီ။
(၁၈)စာဂေါ = စွန့်ပစ်ခြင်း
ပဋိနိဿဂ္ဂေါ = လွှတ်ပစ်ခြင်း
မုတ္တိအနာလယော = နောက်ပြန်မကြည့် လွှတ်၏။

ဆင်းရဲဇာတ်သိမ်းရေး လမ်းစဉ်ကား မဂ္ဂင် ၈ယားသာ ဒုက္ခကုန်ဆုံးရေးလမ်း

မဂ္ဂသစ္စာ

ဣဒံခေါ၊ပနဘိက္ခဝေ = ရဟန်းတို့ ဤတရားသည်ကား
ဒုက္ခနိရောဓ = ဆင်းရဲချုပ်ငြိမ်း လက်စသိမ်းရေးသို့
ဂါမိနိပဋိပဒါ = ရောက်ရာလမ်းစဉ် အကျင့်သာ
အရိယသစ္စံ = မြတ်သောအမှန်တည်း။
(၁၉)အယမေဝအရိယော = ဤသူမြတ်တို့၏ တရားသည်
အဋ္ဌင်္ဂိကော = အင်္ဂါရှစ်ပါးရှိသော
မဂ္ဂေါ = လမ်းခရီးတည်း
သေယျထိဒံ = အဘယ်ဟာနည်း။
သမ္မာဒိဋ္ဌိ = မှန်သောအမြင်
သမ္မာသင်္ကပ္ပေါ = မှန်သော တွေးတောမှု
သမ္မာဝါစာ = မှန်သောစကား
သမ္မာကမ္မန္တော = မှန်သောအလုပ်
သမ္မာအာဇီဝေါ = မှန်သောအသက်မွေးခြင်း

သမ္မာဝါယာမော = မှန်သောအားထုတ်မှု
သမ္မာသတိ = မှန်သောအမှတ်သတိ
သမ္မာသမာဓိ = မှန်သောတည်ကြိုမ်မှု

ဒုက္ခသစ္စာ - သစ္စညာဏ်
အသိမှန်

ဣဒံ = ဤသည်ကား
(၂၀)ဒုက္ခံ = ဆင်းရဲခြင်းဟု
အရိယသစ္စန္တိ = မြတ်သောအမှန် ဖြစ်လေပြီ
မေ = ငါသည်
ဘိက္ခဝေ = ရဟန်းတို့
ပုဗ္ဗေ = ရှေးအခါက
အနုဿုတေသု = မကြားဘူးကုန်သော
ဓမ္မေသု = တရားတို့၌
(၂၁)စက္ခုံဉဒပါဒိ = မျက်စေ့ပွင့်လာ၏
(၂၂)ညာဏံဉဒပါဒိ = ဉာဏ်လင်းလာ၏
(၂၃)ပညာဉဒပါဒိ = နှားလည်လာ၏
(၂၄)ဝိဇ္ဇာဉဒပါဒိ = သိမှုပေါ်လာ၏
(၂၅)အာလောကောဉဒပါဒိ = အလင်းရောင်ပေါ်လာ၏။

ဒုက္ခသစ္စာ - ကိစ္စညာဏ်
အလုပ်မှန်

တံခေါ ပနိဒံ = ဤတရားသည် စင်စစ်
ဒုက္ခံ = ဆင်းရဲခြင်းဟု

ဓမ္မစကြာသုတ်

အရိယသစ္စံ	=	မြတ်သောအမှန် ဖြစ်ပြီ
(၂၆)ပရိညေယျန္တိ	=	သိအပ်သော တရားတည်း။
မေ	=	ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့
ပုဗ္ဗေ	=	ရှေးအခါက
အနနုဿုတေသု	=	မကြားဘူးကုန်သော
ဓမ္မေသု	=	တရားဟု၌
စက္ခုံ ဥဒပါဒိ	=	မျက်စေ့ ပွင့်လာ၏
ဉာဏံ ဥဒပါဒိ	=	ဉာဏ်လင်းလာ၏
ပညာ ဥဒပါဒိ	=	နှားလည်လာ၏
ဝိဇ္ဇာ ဥဒပါဒိ	=	သိမှုပေါ်လာ၏
အလောကော ဥဒပါဒိ	=	အလင်းရောင် ပေါ်လာ၏။

ဒုက္ခသစ္စာ - ကတဉာဏ်

အပြီးမှန်

တံ ခေါ ပနိဒံ	=	ဤတရားသည်
ဒုက္ခံ	=	ဆင်းရဲခြင်းဟု
အရိယသစ္စ	=	မြတ်သောအမှန်ဖြစ်သည်
(၂၇)ပရိညာတန္တိ	=	သိခဲ့ပြီးလေပြီ
မေ	=	ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့
ပုဗ္ဗေ	=	ရှေးအခါက
အနနုဿုတေသု	=	မကြားဘူးကုန်သော

ဓမ္မေသု = တရားတို့၌
စက္ခုံ ဥဒပါဒိ = မျက်စေ့ပွင့်လာ၏
ဉာဏံ ဥဒပါဒိ = ဉာဏ်လင်းလာ၏
ပညာ ဥဒပါဒိ = နှားလည်လာ၏
ဝိဇ္ဇာ ဥဒပါဒိ = သိမှုပေါ်လာ၏
အာလောကော ဥဒပါဒိ = အလင်းရောင် ပေါ်လာ၏။

သမုဒယသစ္စာ - သစ္စဉာဏ်

အသိမှန်

ဣဒံ = ဤသည်ကား
(၂၇)ဒုက္ခသမုဒယံ = ဆင်းရဲခြင်း၏ အကြောင်းဟူ၍
အရိယသစ္စန္တိ = မြတ်သော အမှန်ဖြစ်သည်
မေ = ငါသည်
ဘိက္ခဝေ = ရဟန်းတို့
ပုဗ္ဗေ = ရှေးအခါက
အနနုဿုတေသု = မကြားဘူးကုန်သော
ဓမ္မေသု = တရားတို့၌
စက္ခုံ ဥဒပါဒိ = မျက်စေ့ပွင့်လာ၏
ဉာဏံ ဥဒပါဒိ = ဉာဏ်လင်းလာ၏
ပညာ ဥဒပါဒိ = နှားလည်လာ၏
ဝိဇ္ဇာ ဥဒပါဒိ = သိမှု ပေါ်လာ၏
အာလောကော ဥဒပါဒိ = အလင်းရောင် ပေါ်လာ၏။

သမုဒယ သစ္စာ – ကိစ္စဉာဏ်
အလုပ်မှန်

တံခေါ ပနိဒံ	=	ဤတရားသည်ကား
ဒုက္ခသမုဒယံ	=	ဆင်းရဲခြင်း၏ အကြောင်းဟူ၍
အရိယသစ္စံ	=	မြတ်သောအမှန်ဖြစ်သည်။
(၂၉)ပဟာတဗ္ဗန္တိ	=	ပယ်ရမည့် တရားတည်း
မေ	=	ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့
ပုဗ္ဗေ	=	ရှေးအခါက
အနုဿုတေသု	=	မကြားဘူးကုန်သော
ဓမ္မေသု	=	တရားတို့၌
စက္ခုံ ဥဒပါဒိ	=	မျက်စေ့ပွင့်လာ၏
ဉာဏံ ဥဒပါဒိ	=	ဉာဏ်လင်းလာ၏
ပညာ ဥဒပါဒိ	=	နှားလည်လာ၏
ဝိဇ္ဇာ ဥဒပါဒိ	=	သိမှုပေါ်လာ၏။
အာလောကော ဥဒပါဒိ	=	အလင်းရောင် ပေါ်လာ၏။

သမုဒယသစ္စာ – ကတဉာဏ်
အပြီးမှန်

တံခေါ ပနိဒံ	=	ဤတရားသည်ကား
ဒုက္ခသမုဒယံ	=	ဆင်းရဲခြင်း၏ အကြောင်းဟု
အရိယသစ္စံ	=	မြတ်သော[illegible]ဖြစ်သည်။
(၃၀)ပဟီနန္တိ	=	ပယ်ခဲ့ပြီးလေပြီ

မေ	=	ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့
ပုဗ္ဗေ	=	ရှေးအခါက
အနနုဿုတေသု	=	မကြားဘူးကုန်သော
ဓမ္မေသု	=	တရားတို့၌
စက္ခုံ ဥဒပါဒိ	=	မျက်စေ့ ပွင့်လာ၏
ဉာဏံ ဥဒပါဒိ	=	ဉာဏ်လင်းလာ၏
ပညာ ဥဒပါဒိ	=	နှားလည်လာ၏
ဝိဇ္ဇာ ဥဒပါဒိ	=	သိမှုပေါ်လာ၏
အာလောကော ဥဒပါဒိ	=	အလင်းရောင် ပေါ်လာ၏။

နိရောဓသစ္စာ - သစ္စဉာဏ်

အသိမှန်

ဣဒံ	=	ဤသည်ကား
(ဒုဝ)ဒုက္ခနိရောဓံ	=	ဆင်းရဲချုပ်ငြိမ်းခြင်းဖြစ်သော
အရိယသစ္စန္တိ	=	မြတ်သောအမှန် ဖြစ်လေပြီ
မေ	=	ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့
ပုဗ္ဗေ	=	ရှေးအခါက
အနနုဿုတေသု	=	မကြားဘူးကုန်သော
ဓမ္မေသု	=	တရားတို့၌
စက္ခုံ ဥဒပါဒိ	=	မျက်စေ့ ပွင့်လာ၏
ဉာဏံ ဥဒပါဒိ	=	ဉာဏ်လင်းလာ၏
ပညာ ဥဒပါဒိ	=	နှားလည်လာ၏

ဝိဇ္ဇာဥဒပါဒိ = သိမ္ဘူပေါ်လာ၏
အာလောကောဥဒပါဒိ = အလင်းရောင် ပေါ်လာ၏။

နိရောဓသစ္စာ - ကိစ္စญาณ်
အလုပ်မှန်

တံခေါ၀ပနိဒံ = ဤတရားသည်
ဒုက္ခနိရောဓံ = ဆင်းရဲချုပ်ငြိမ်းခြင်း ဖြစ်သော
အရိယသစ္စံ = မြတ်ဇသာအမှန် ဖြစ်သည်.
(၃၂)သစ္ဆိကာတဗ္ဗန္တိ = မျက်မှောက်ပြုရမည့် တရားတည်း
မေ = ငါ၏သည်
ဘိက္ခဝေ = ရဟန်းတို့
ပုဗ္ဗေ = ရှေးအခါက
အနုဿုတေသု = မကြားဘူးကုန်သော
ဓမ္မေသု = တရားတို့၌
စက္ခုံဥဒပါဒိ = မျက်စေ့ ပွင့်လာ၏
ညာဏံ ဥဒပါဒိ = ညာဏ်လင်းလာ၏
ပညာဥဒပါဒိ = နှားလည်လာ၏
ဝိဇ္ဇာဥဒပါဒိ = သိမ္ဘူပေါ်လာ၏
အာလောကောဥဒပါဒိ = အလင်းရောင် ပေါ်လာ၏။

နိရောဓသစ္စာ - ကတညာဏ်
အမှန်ပြီးပြီ

တံခေါ၀ပနိဒံ = ဤတရားသည်ကား
ဒုက္ခနိရောဓံ = ဆင်းရဲချုပ်ငြိမ်းခြင်း ဖြစ်သော

အရိယသစ္စံ = မြတ်သောအမှန်
(၃၃)သစ္စိကတန္တိ = မျက်မှောက်ပြုခဲ့ပြီးလေပြီ
မေ = ငါသည်
ဘိက္ခဝေ = ရဟန်းတို့
ပုဗ္ဗေ = ရှေးအခါက
အနနုဿုတေသု = မကြားဘူးကုန်သော
ဓမ္မေသု = တရားတို့၌
စက္ခုံ ဥဒပါဒိ = မျက်စေ့ ပွင့်လာ၏
ဉာဏံ ဥဒပါဒိ = ဉာဏ်လင်းလာ၏
ပညာ ဥဒပါဒိ = နှားလည်လာ၏
ဝိဇ္ဇာ ဥဒပါဒိ = သိမှုပေါ်လာ၏
အာလောကော ဥဒပါဒိ = အလင်းရောင် ပေါ်လာ၏။

မဂ္ဂသစ္စာ သစ္စဉာဏ်

အသိမှန်

ဣဒံ = ဤသည်ကား
(၃၄)ဒုက္ခနိရောဓ = ဆင်းရဲချုပ်ငြိမ်း လက်စသိမ်းရေး
ဂါမိနိပဋိပဒါ = ရောက်ရာလမ်းစဉ်
အရိယသစ္စန္တိ = မြတ်သောအမှန် ဖြစ်လေပြီ
မေ = ငါသည်
ဘိက္ခဝေ = ရဟန်းတို့
ပုဗ္ဗေ = ရှေးအခါက
အနနုဿုတေသု = မကြားဘူးကုန်သော
ဓမ္မေသု = တရားတို့၌

စက္ခုံ ဥဒေါဒိ = မျက်စေ့ ပွင့်လာ၏
ညာဏံ ဥဒပါဒိ = ဉာဏ်လင်းလာ၏
ပညာဥဒပါဒိ = နှားလည်လာ၏
ဝိဇ္ဇာဥဒပါဒိ = သိမှုပေါ်လာ၏
အာလောကောဥဒပါဒိ = အလင်းရောင် ပေါ်လာ၏။

မဂ္ဂသစ္စာ · ကိစ္စဉာဏ်
အလုပ်မှန်

တံခေါ်မနိဒံ = ဤတရားသည်
ဒုက္ခနိရောဓ = ဆင်းရဲချုပ်ငြိမ်း လက်စသိမ်းရေး
ဂါမိနိပဋိပဒါ = ရောက်ရာလမ်းစဉ်ဖြစ်သော
အရိယသစ္စံ = မြတ်သောအမှန်တည်း။
(၃၅)ဘာဝေတဗ္ဗန္တိ – အားထုတ်ကြိုးပန်း လုပ်ရန်ဖြစ်သည်
မေ – ငါသည်
ဘိက္ခဝေ = ရဟန်းတို့
ပုဗ္ဗေ = ရှေးအခါက
အနနုဿုတေသု = မကြားဘူးကုန်သော
ဓမ္မေသု = တရားတို့၌
စက္ခုံ ဥဒပါဒိ = မျက်စေ့ ပွင့်လာ၏
ညာဏံ ဥဒပါဒိ = ဉာဏ်လင်းလာ၏
ပညာဥဒပါဒိ = နှားလည်လာ၏
ဝိဇ္ဇာဥဒပါဒိ = သိမှုပေါ်လာ၏
အာလောကောဥဒပါဒိ = အလင်းရောင် ပေါ်လာ၏။

မဂ္ဂသစ္စာ - ကတညာဏ်
အမှန်ပြီး

တံခေါပနိဒံ	=	ဤကရားသည်
ဒုက္ခနိရောဓ	=	ဆင်းရဲချုပ်ငြိမ်း လက်စသိမ်းရေး
ဂါမိနိပဋိပဒါ	=	ရောက်ရာလမ်းစဉ်ဖြစ်သော
အရိယသစ္စံ	=	မြတ်သောအမှန်
(၃၆)ဘာဝိတန္တိ	=	အားထုတ်ကြိုးပန်း လုပ်၍ပြီးခဲ့ပြီ
မေ	=	ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့
ပုဗ္ဗေ	=	ရှေးအခါက
အနုဿုတေသု	=	မကြားဘူးကုန်သော
ဓမ္မေသု	=	တရားတို့၌
စက္ခုဉဒပါဒိ	=	မျက်စေ့ ပွင့်လာ၏
ဉာဏံ ဉဒပါဒိ	=	ဉာဏ်လင်းလာ၏
ပညာဉဒပါဒိ	=	နားလည်လာ၏
ဝိဇ္ဇာဉဒပါဒိ	=	သိပ္ပံပေါ်လာ၏
အာလောကောဉဒပါဒိ	=	အလင်းရောင် ပေါ်လာ၏။

ဗုဒ္ဓသည် သစ္စာ ၄-ပါးကို မတွေ့မီကာလ

(၃၇)ယာဝကီဝဉ္စ	=	အကြင်မျှလောက် ကာလပတ်လုံး
မေ	=	ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့

ဣမေသုစတ္တသု	=	ဤသို့လျှင်ရှိသော(သစ္စာ ၄-ပါး)တို့၌
အရိယသစ္စေသု	=	မြတ်သောအမှန်တို့ ဟူ၍
(၃၈)ဧဝံ	=	ဤသို့
တိပရိဝဋ္ဋံ	=	အစပ်သုံးပါးစီရှိသော
ဒ္ဒါဒသကာရံ	=	ခြင်းရာ ဆယ်နှစ်ပါးကို
ယထာဘူတံ	=	ဟုတ်ကိုင်းမှန်စွာ
ဉာဏဒဿနံ	=	ဉာဏ်အမြင်
နာ သုဝိသုဒ္ဓံအဟောသိ	=	သန့်စင်ကြည်လင်စွာ မဖြစ်ပေါ်သေး
နေဝတာဝ ၊ဟံ	=	ကိုမျှလောက် ကာလပတ်လုံး ငါသည်
ဘိက္ခဝေ	=	ရဟန်းတို့
သ ဒေဝကေ	=	နတ်နှင့်တကွသော
လောကေ	=	လောကဌ်
သ မာရကေ	=	မာရ်နှင့်တကွသော
သ ဗြဟ္မကေ	=	ဗြဟ္မာနှင့် တကွသော
သ သမဏဗြဟ္မဏိယာ	=	ရဟန်း, ပုဏ္ဏားနှင့် တကွသော
ပဇာယ	=	သတ္တဝါအပေါင်းကွင်
သ ဒေဝမနုဿာယ	=	နတ်လူနှင့်တကွသော
အနုတ္တရံ	=	အကုန်းသော
သမ္မာသမ္ဗောဓိ	=	သဗ္ဗညုတဉာဏ် အရဟတ္တ မဂ်ဉာဏ်ကို
အဘိသမ္ဗုဒ္ဓါတိ	=	ထက်ခေါ်ထက်မကျန် ဤသို့ထိုးတွင်း သိပြီကုန်
နာ, ပစ္စညာသိ	=	ကြေကြေပြောခြင်း မပြုနိုင်သေး (နာ,ပုဒ် ဤ ထိုဆက်)

ဗုဒ္ဓသည် သစ္စာ ၄ ပါးကို တွေ့သိပြီးသောအခါ

ယတောစ = အကြောင်အခါမှစ၍
ခေါ = စင်စစ်
မေ = ငါသည်
ဘိက္ခဝေ = ရဟန်းတို့
ဣမေသုစတ္တသု = ဤသို့လျှင်ရှိသော(သစ္စာ ၄·ပါး)တို့သည်
အရိယသစ္စေသု = မြတ်သောအမှန်တရား ဖြစ်သည်ဟု
ဧवं = ဤသို့
တိပရိဝဋ္ဋံ = အစပ်သုံးပါးစီ ရှိသော
ဒွါဒသကာရံ = မြင်းရာဆယ်နှစ်ပါးကို
ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ
ဉာဏဒဿနံ = ဉာဏ်အမြင်ကို
(၃၉)သုဝိသုဒ္ဓံအဟောသိ = သန့်စင်ကြည်လင်စွာ ဖြစ်ပေါ်ပြီ
အထာဟ = ထိုအခါ ငါသည်
ဘိက္ခဝေ = ရဟန်းတို့
သ ဒေဝေက = နတ်နှင့်တကွသော
လောကေ = လောကဌ
သ မာရေက = မာရ်နတ်တို့နှင့် တကွသော
သ ဗြဟ္မေက = ဗြဟ္မာနှင့် တကွသော
သ သပဓာ ဗြဟ္မကိယာ = ရဟန်း, ပုဏ္ဏားနှင့် တကွသော
ပဇာယ = သတ္တဝါအပေါင်းတွင်
သ ဒေဝမနုဿာယ= နတ်လူနှင့် တကွသော
အနုတ္တရံ = အတုမဲ့သော

သမ္မာသမ္ဗောဓိ = သဗ္ဗညုတญาณ် အရဟတ္တမဂ်ญาณ်ကို
အဘိသမ္ဗုဇ္ဈိတိ = ထက်အောက်မကျန်ญาဏသိုထိုးထွင်းသိပြီဟု
ပစ္စညာသိံ = ကြေငြာတော်မူနိုင်လေပြီ။

ဆင်းရဲမှု ကင်းလွတ်ပြီ

(၄၀)**ญาณဥပန** = ญาณ်အမြင် ပေါက်မှုသည်
မေ = ငါ၏
ဒဿနံ ဥဒပါဒိ = ကောင်းစွာ ပင်လင်းချေပြီ
အကုပ္ပါ = အတားအဆီး မရှိပြီ
မေ = ငါ၏
စေတောဝိမုတ္တိ = လုံးဝညီညီ ကင်းလွတ်ပြီ
အယမန္တိမာ = ဤကားနောက်ဆုံး
ဇာတိ = အဖြစ်သဘောဘည်း။
(၄၁)**နတ္ထိဒါနိပုနဗ္ဘဝေါတိ** = ဘဝတစ်ဖြစ်ရေး ယခုမရှိတော့ပြီ။

ဤဥဒ္ဒေသာ ဘုရားဟော ဓမ္မစကြာ တရားတော် ပြီးဆုံး၏။ ကျန်အပုဒ်များ ဘုရားဟော မဟုတ်တော့ချေ။

ဣဒမဝေါစ = ဤသို့ဟောကြာမှလျှင်
ဘဂဝါ = မြတ်စွာဘုရားသည်
အတ္တမနာ = ဝမ်းမြောက်ကြွေးသည်ဖြစ်၍
ပဉ္စဝဂ္ဂိယာ = ငါးဦး ဘရာဟ္မဏာသာ
ဘိက္ခူ = ရဟန်းတို့သည်
ဘဂဝတော = မြတ်စွာဘုရား၏
ဘာသိတံ = ဟောကြားမှုခြင်းကို
အภินန္ဒုန္တိ = အလွန်အားရ ဝမ်းမြောက်ကြကုန်ပြီ။

ဤတွင် ၅-ဦးအစုရှိသော ရဟန်းတော်များသည် မြတ်စွာဘုရား၏ သစ္စာ ၄-ပါး တရားတော်၌ အမှန်အစစ် ငြိမ်းဂျင်းလွတ်မှုကို တွေ့သိကြသည့်အတိုင်း ဝမ်းမြောက်တော်မူကြသည်။ ထို့နောက်ဆက်ပါ ပါဠိပုဒ်များကား ဘုရားဟော မဟုတ်၍ မလိုတော့ပြီ။

တပါတည်းဆက်၍ မိဂဒါဝုန်၏ ဒုတိယ တရားဖြစ်သော အနတ္တ လက္ခဏာသုတ်ကို ဆက်လက်ပြန်ဆို တော့မည်ဖြစ်ရာ၊ ထိုအနတ္တသုတ်အရ သက်ရှိ သတ္တလောက၌ ဤခန္ဓာ ၅-ပါး ထက်ဘာမျှ အပိုမရှိသည်ကို တွေ့ကြရပေ လိမ့်မည်။ စိတ်၊ ပိဉာဉ်၊ လိပ်ပြာစသည်ဖြင့် ရှိပါသေးသည်ဆိုလျှင် ဘုရားဟောနှင့် မဆိုင်တော့ပေ။

ရုပ်ခန္ဓာ တပါးနှင့် နာမ်ခန္ဓာ ၄-ပါး အစုဘဝေးသည်ပင် သက်ရှိ ရုပ်နှံ့ဝမ်၏ အဖွဲ့အစည်း အစုံအလင်ပင် ဖြစ်ပေသည်။ ဤရုပ်နာမ်အစုတို့သည် ဖြစ်ပျက်အစဉ်ဖြင့်မကင်းသောသင်္ခါရဓမ္မသက်သက်ဖြစ်သည်။ အစဉ်ဖေါက်ပြန်လျက်သာ ရှိနေကြသည်။

ဤခန္ဓာ ၅-ပါးစလုံးပင် မည်သည့်ခန္ဓာမျှ ကိုယ်စိုး ကိုယ်ပိုင် ဟူ၍မရှိ၊ ထို့ကြောင့် အဘယ်ခန္ဓာကိုမျှ....

ဧတံမမ = ဤကား ငါပိုင်တည်းဟုဋ္ဌင်း၊
ဧသောဟမသ္မိ = ဤသည်ကား ငါပေတည်းဟုဋ္ဌင်း၊
ဧသော မေအတ္တာတိ = ဤသည်ကား ငါ၏ ကိုယ်စိုး ကိုယ်ပိုင်ဘည်းဟုဋ္ဌင်း၊

ဤသို့ ထင်မှတ်စဲ့ယူရန် အတ္တ-အတ္တနိယ မဖြစ်နိုင်တော့ပြီဟု အထင်အရှား ဖွင့်ပြရှင်းလင်းတော် မူထားသည်ကို တွေ့နိုင်ပေသည်။

ခန္ဓာ ၅-ပါး စလုံးကို အနိစ္စ, ဒုက္ခဖြင့် ထင်ရှားအောင် ပြတော်မူလျက် ဤအနတ္တ လက္ခဏာသုတ်ဖြင့် အနတ္တ သဘာဝသာ လျှင် ဖြစ်ကြောင်း ပြတ်သားစွာ ဟောတော်မူသည်ကို အထူး ဂရုပြုကြရန်ဖြစ်၏။

ထို့ပြင် ဤအနတ္တသုတ်ဟော၏၊ အထူးလေးနက် ပြတ်သား သောအပိုင်းမှာ ရူပ်ဟူသမျှသည် ရှေးအတိတ် ရူပ်ပင်ဖြစ်ဖြစ်၊ မျက်မှောက် ရူပ်ပင်ဖြစ်ဖြစ်၊ နောင်ဖြစ်ဦးမည့် ရူပ်ပင် ဖြစ်ဖြစ်၊ ကိုယ်တွင်းကရူပ်,အပြင်ကရူပ်, ကြမ်းသောရူပ်, နုသောရူပ်, ယုတ် ညံ့သောရူပ်, မြင့်မြတ်သောရူပ်, ရူပ်မှန်က မည်သည့်ရူပ်မျှ ဘာ မျှမဟုတ်။ရူပ်သည် ရူပ်သာလျှင် အတူတူချည်း ဖြစ်ကြကုန်သည်။ မည်သည့်ရူပ်မျှ အပိုင်မရှိ။ ထို့ကြောင့် စွဲမှတ်သိမ်းပိုက် စရာဟု မထင်မှတ်သင့်ဘဲ ရူပ်ကို ရူပ်အတိုင်းသာလျှင် ရူပ်မှန်သမျှကို သိ ကြကုန်ဟူ၍ ဟောတော်မူထားသည်ကို ထင်ရှားစွာ တွေ့ရမည် ဖြစ်သည်။

ဤအနတ္တ သုတ်တော် သည်လည်း ဗုဒ္ဓဘုရားရှင်၏ ဒုတိယ အကြိမ် ဟောထုတ်တော် မူလိုက်သော မူလမိဂဒါဝန် တရား တော်ကြီး ဧကန်ထင်ရှား ဖြစ်နေလေရာ၊ ဓမ္မစကြာ သုတ်ကြီးကဲ့ သို့ အလွန် လေးနက်သော အနက်အဓိပ္ပါယ်များနှင့် အပြည့်အ နှက်ဖြစ်နေသော ဗုဒ္ဓပါဝစန အစစ်ဖြစ်နေပါသောကြောင့်၊ အ ထူးဂရုပြု ဒလ.လာကြပါလေကုန်–

အနတ္တ လက္ခဏာသုတ်

(၁)ဧဝံ = ဤသို့
မေ = ငါ၏ကျွန်တော်သည်
သုတံ = ကြားလိုက်ရ၏
ဧကံ = တစုံသော
သမယံ = အခါတွင်
ဘဂဝါ = မြတ်စွာဘုရားသည်
ဗာရာဏသိယံ = ဗာရာဏသီပြည်၌
ဝိဟရတိ = နေတော်မူ၏။
ဣသိပတနေ မိဂဒါယေ = ဣသိပတန မည်သော သားတို့အား
ဘေးမဲ့ပေးရာတောင်၌
တတြ ခေါ = ထိုအရပ်ဝယ်
ဘဂဝါ = မြတ်စွာဘုရားသည်
ပဉ္စဝဂ္ဂိယေ = ငါးဦးအစုရှိသော
ဘိက္ခူ = ရဟန်းတို့ကို
အာမန္တေသိ = ခေါ်တော်မူသည်။
ဘိက္ခဝေါတိ = "အို....ရဟန်းတို့"ဟု ဤသို့ခေါ်လျှင်
ဘဒ္ဒန္တေတိ = "အရှင်ဘုရား...."ဟု ဤသို့
တေ ဘိက္ခူ = ထိုရဟန်းတို့က

ဘဂဝေတာ = မြတ်စွာဘုရားအား
ပစ္စေသောသုံ = လျှောက်ထားကြကုန်သည်။
ဘဂဝါ = မြတ်စွာဘုရားသည်
တေ ဒေါ၀ = ဤသို့လျှင် ဟောတော်မူလေသည်။
(၂)ရူပံ = ရုပ်သည်
ဘိက္ခဝေ = ရဟန်းတို့
အနတ္တာ = ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။
ရူပဉ္စဟိဒံ = ရုပ်သည် ဧကန်အားဖြင့်
ဘိက္ခဝေ = ရဟန်းတို့
အတ္တာ = ကိုယ်စိုးကိုယ်ပိုင်
အဘဝိဿ = ဖြစ်ပါမူကား
နယိဒံရူပံ = ဤမည်သော ရုပ်သည်
အာဗာဓာယ = နာကျင်ခံခက်ခြင်းငှါ
သံဝတ္တေယ္မ = မဖြစ်ပေရာ
လဗ္ဘေထစ = ရရှိပေရာ၏။
ရူပေ = ရုပ်တို့၌
ဧဝံ = ဤသို့
မေ = ငါ၏
ရူပံ = ရုပ်သည်
ဟောတု = ဖြစ်စေ
ဧဝံ = ဤသို့
မေ = ငါ၏
ရူပံ = ရုပ်သည်

No. 5

မာအဟောသိ,တိ	=	ဤသို့မဖြစ်စေရဟု တတ်နိုင် ပေရာ၏။
ယသ္မာစ	=	အကြင်သို့သော အကြောင်းကြောင့်
ခေါ	=	စင်စစ်
ဘိက္ခဝေ	=	ရဟန်းတို့
ရူပံ	=	ရုပ်သည်
အနတ္တာ	=	ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။
တသ္မာ	=	ထို့ကြောင့်
ရူပ	=	ရုပ်သည်
အာဗာဓါယ	=	နာကျင်ခံခက်ခြင်းငှါ
သံဝတ္တတိ	=	ဖြစ်ပေရာ၏။
နစ လဗ္ဘတိ	=	အခွင့်မရနိုင်။
ရူပေ	=	ရုပ်၌
ဧဝံ	=	ဤသို့
မေ	=	ငါ၏
ရူပံ	=	ရုပ်သည်
ဟောတု	=	ဖြစ်စေ
ဧဝံ	—	ဤသို့
မေ	=	ငါ၏
ရူပံ	—	ရုပ်သည်
မာအဟောသိ,တိ	=	ဤသို့မဖြစ်စေရဟု မတတ်နိုင်လေ။
(၃)ဝေဒနာ	=	ခံစားမှုသည်
ဘိက္ခဝေ	=	ရဟန်းတို့
အနတ္တာ	—	ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။

ဝေဒနာစ ဟိဒံ	–	ခံစားမှုသည် ကေန်အားဖြင့်
ဘိက္ခဝေ	–	ရဟန်းတို့
အတ္တာ	=	ကိုယ်စိုးကိုယ်ပိုင်
အဘဝိဿ	–	ဖြစ်ပါမှုကား
နယိဒံဝေဒနာ	=	ဤမည်သော ခံစားမှုတို့သည်
အာဗာဓါယ	=	နာကျင်ခံခက်ခြင်းငှါ
သံဝတ္တေယ္ယ	=	ဖြစ်စေလိုရာ
လဗ္ဘေထစ	=	ဖြစ်ခွင့်ရရှိပေရာ၏။
ဝေဒနာယ	=	ခံစားမှုသည်
ဧဝံ	=	ဤသို့
မေ	=	ငါ၏
ဝေဒနာ	=	ခံစားမှုသည်
ဟောတု	=	ဖြစ်စေ
ဧဝံ	=	ဤသို့
မေ	=	ငါ၏
ဝေဒနာ	=	ခံစားမှုသည်
မာ အဟောသိ,တိ	=	ဤသို့မဖြစ်ပါစေနှင့်။
ယသ္မာစ	=	အကြင်သို့သော အကြောင်းကြောင့်
ခေါ	=	စင်စစ်
ဘိက္ခဝေ	=	ရဟန်းတို့
ဝေဒနာ	=	ခံစားမှုသည်
အနတ္တာ	=	ကိုယ်စားကိုယ်ပိုင်မဟုတ်ချေ။
တသ္မာ	=	ထို့ကြောင့်
ဝေဒနာ	=	ခံစားမှုသည်

အာဗာဝါယ = နာကျင်ခံခက်ခြင်းငှါ
သံဝတ္တတိ = ဖြစ်ပေရာ၏။
နှ,စ လဗ္ဘတိ = အခွင့်မရနိုင်
ဝေဒနာယ = ခံစားမှုဌ
ဧဝံ = ဤသို့
မေ = ငါ၏
ဝေဒနာ = ခံစားမှုသည်
ပဟာတု = ဖြစ်စေ
ဧဝံ = ဤသို့
မေ = ငါ၏
ဝေဒနာ = ခံစားမှုသည်
မဟာအဟောသိ,တိ = ဤသို့ မဖြစ်စေရဟု မတတ်နိုင်လေ။
(၇)သညာ = မှတ်သားမှုသည်
အနတ္တာ = ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။
သညာစ ဟိဒံ = မှတ်သားမှုသည် ဧကန်အားဖြင့်
ဘိက္ခဝေ = ရဟန်းတို့
အတ္တာ = ကိုယ်စိုးကိုယ်ပိုင်
အဘဝိဿ = ဖြစ်ပါမူကား
နဟိဒံ သညာ = ဤမည်သော မှတ်သားမှုသည်
အာဗာဝါယ = နာကျင်ခံခက်ခြင်းငှါ
သံဝတ္တေယျ = ဖြစ်ပေရာ၏
လဗ္ဘထစ = ရရှိပေရာ၏။
သညာယ = မှတ်သားမှုဌ
ဧဝံ = ဤသို့

ဧမ = ငါ၏
သညာ = မှတ်သားမှုသည်
ဟောတု = ဖြစ်ပါစေ။
ဧဝံ = ဤသို့
ဧမ = ငါ၏
သညာ = မှတ်သားမှုသည်
မာ အဟောသိ,တိ = ဤသို့မဖြစ်စေရဟု တတ်နိုင်ပေရာ၏။
ယသ္မာစ = အကြင်သို့သော အကြောင်းကြောင့်
ခေါ = စင်စစ်
ဘိက္ခဝေ = ရဟန်းတို့
သညာ = မှတ်သားမှုသည်
အနတ္တာ = ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။
တသ္မာ = ထို့ကြောင့်
သညာ = မှတ်သားမှုသည်
အာဗာဓါယ = နာကျင်ခံခက်ခြင်းငှါ
သံဝတ္တတိ = ဖြစ်ပေရာ၏။
နစ လဗ္ဘတိ = အခွင့်မရနိုင်။
သညာယ = မှတ်သားမှု၌
ဧဝံ = ဤသို့
ဧမ = ငါ၏
သညာ = မှတ်သားမှုသည်
ဟောတု = ဖြစ်စေ
ဧဝံ = ဤသို့
ဧမ = ငါ၏

သညာ	=	မှတ်သားမှုကို
မာ အဟောသိ,တိ	=	ဤသို့မဖြစ်စေရဟု မတတ်နိုင်လေ။
(၅)သခ်ၤါရာ	=	ပြုပြင်ပြောင်းလဲမှုသည်
အနတ္တာ	=	ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။
သခ်ၤါရာစ ဟိဒံ	=	ပြု ပြင် ပြောင်း လဲ မှုတို့သည် ဧကန် အားဖြင့်
ဘိက္ခေ၀	=	ရဟန်းတို့
အတ္တာ	=	ကိုယ်စိုးကိုယ်ပိုင်
အဘ၀ိဿံသု	=	ဖြစ်ခဲ့ကြပါကုန် မူကား
နယိဒံသခ်ၤါရာ	=	ဤမည်သော ပြုပြင်ပြောင်းလဲမှုတို့သည်
အာဗာ၀ခါယ	=	နာကျင်ခံခက်ခြင်းငှါ
သံ၀တ္တေယျုံ	=	ဖြစ်ပေကုန်ရာ၏။
လဗ္ဘေထစ	=	ဖြစ်ခွင့်ရရိုး ရှိပေရာ၏။
သခ်ၤါရေသု	=	ပြုပြင်ပြောင်းလဲမှုတို့၌
ဧ၀ံ	=	ဤသို့
ဧ၀	=	ငါ၏
သခ်ၤါရာ	=	ပြုပြင်ပြောင်းလဲမှုတို့သည်
ဟောန္တု	=	ဖြစ်ကြစေ
ဧ၀ံ	=	ဤသို့
ဧ၀	=	ငါ၏
သခ်ၤါရာ	=	ပြုပြင်ပြောင်းလဲမှုတို့ကို
မာ အဟောသုန္တိ	=	ဤသို့ဖြစ်ကြကုန်စေဟု တတ်နိုင်ပေရာ၏
ယသ္မာစ	=	အကြင်သို့သော အကြောင်းကြောင့်

ခေါ = စင်စစ်အားဖြင့်
ဘိက္ခဝေ = ရဟန်းတို့
သခ်ၤါရာ = ပြုပြင်ပြောင်းလဲ မှုတို့သည်
အနတ္တာ = ကိုယ်စိုးကိုယ်ပိုင် မဟုတ်ကြချေ။
တသ္မာ = ထို့ကြောင့်
သခ်ၤါရာ = ပြုပြင်ပြောင်းလဲ မှုတို့သည်
အာဗာဓါယ = နာကျင်ခံခက်ခြင်းငှာ
သံဝတ္တန္တိ = ဖြစ်ပေကုန်ရာ၏။
နစ လဗ္ဘတိ = အခွင့် မရနိုင်
သခ်ၤါရေသု = ပြုပြင်ပြောင်းလဲမှု အားလုံးတို့၌
ဧဝံ = ဤသို့
မေ = ငါ၏
သခ်ၤါရ = ပြုပြင်ပြောင်းလဲမှုတို့သည်
ဟောန္တု = ဖြစ်ကြစေ
ဧဝံ = ဤသို့
မေ = ငါ၏
သခ်ၤါရာ = ပြုပြင်ပြောင်းလဲမှုတို့သည်
မာအဟောသုန္တိ = ဤသို့ဖြစ်ကြကုန်စေဟု မတတ်နိုင်ကုန်။
(၆)ဝိညာဏံ – သိမှုသည်
အနတ္တာ – ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။
ဝိညာဏဒုဟိတံ – သိမှုသည် ကေန်အားဖြင့်
ဘိက္ခဝေ – ရဟန်းတို့
အတ္တာ – ကိုယ်စိုးကိုယ်ပိုင်

အဘဝိသ	–	ဖြစ်ပါမူကား
နယိဒံဝိညာဏံ	–	ဤမည်သော သိမှုသည်
အာဗဘဝါယ	–	နာကျင်ခံခက်ခြင်းငှါ
သံဝတ္တေယျ	–	ဖြစ်ပေရာ၏။
လဗ္ဘေထစ	–	ဖြစ်ခွင့်ရရိုး ရှိပေရာ၏။
ဝိညာဏေ	–	သိမှု၌
ဧဝံ	=	ဤသို့
မေ	–	ငါ၏
ဝိညာဏံ	–	သိမှုသည်
ဟောတု	–	ဖြစ်စေ
ဧဝံ	–	ဤသို့
မေ	–	ငါ၏
ဝိညာဏံ	–	သိမှုသည်
မာအဟောသိ,တိ	–	ဤသို့မဖြစ်စေရဟု တတ်နိုင်ပေရာ၏။
ယသ္မာစ	–	အကြင်သို့သော အကြောင်းကြောင့်
ဧဝါ	–	စင်စစ်အားဖြင့်
ဘိက္ခဝေ	–	ရဟန်းတို့
ဝိညာဏံ	–	သိမှုသည်
အနုတ္တာ	–	ကိုယ်စိုးကိုယ်ပိုင် မဟုတ်ချေ။
တသ္မာ	–	ထို့ကြောင့်
ဝိညာဏံ	–	သိမှုတို့သည်
အာဗာဓါယ	–	နာကျင်ခံခက်ခြင်းငှါ
သံဝတ္တတိ	–	ဖြစ်ပေရာ၏။

နစလဗ္ဘတိ	=	အခွင့်မရနိုင်
ဝိညာဏော	=	သိမှု၌
ဧဝံ	=	ဤသို့
မေ	=	ငါ၏
ဝိညာဏံ	=	သိမှုသည်
ဟောတု	=	ဖြစ်စေ
ဧဝံ	=	ဤသို့
မေ	=	ငါ၏
ဝိညာဏံ	=	သိမှုသည်
မာ အဟောသီ, တိ	=	ဤသို့မဖြစ်စေရဟု မတတ်နိုင်လေ။
(၇)တံ	=	ထိုငါဆိုသည့် စကားကို
ကိံ မညထ	=	အဘယ်သို့ မှတ်ထင်ကြသနည်း။
ဘိက္ခဝေ	=	ရဟန်းတို့
ရူပံ	=	ရုပ်သည်
နိစ္စံ ဝါ	=	မြဲသလော
အနိစ္စံ ဝါ, တိ	=	မမြဲသလော - ဤသို့မေးသော်
အနိစ္စံ	=	မမြဲပါ
ဘဒန္တေ	=	အရှင်ဘုရား
ယံ ပနာနိစ္စံ	=	အကြင်မမြဲသော(ရုပ်)သည်
ဒုက္ခံ ဝါ	=	ဆင်းရဲခြင်းလော
တံ	=	ထိုဟာသည်
သုခံ ဝါ, တိ	=	ချမ်းသာခြင်းလော-ဤသို့မေးသော်
ဒုက္ခံ	=	ဆင်းရဲခြင်းပါ
ဘဒန္တေ	=	အရှင်ဘုရား

No. 6

ယံပနာနိစ္စံ = အကြင်မမြဲသော(ရုပ်)သည်
ဒုက္ခံ = ဆင်းရဲ၏။
ဝိပရိဏာမဓမ္မံ – ဖေါက်ပြန်ပြောင်းလဲသော သဘောရှိရာ
ကလ္လံ နုတံ = အသို့လျှင် သင့်လျှော်ပါအံ့နည်း။
သမနုပဿိတုံ = စွဲလမ်းထင်မှတ်ခြင်းငှါ
တေမမ = ဤကား ငါပိုင်တည်း။
သောဟမသ္မိ = ဤသည်ကား ငါပေတည်း။
သောမေ = ဤသည်ကား ငါ၏
အတ္တာ,တိ = ကိုယ်စိုးကိုယ်ပိုင်တည်းဟု
နောဟေ,တံ = ဤသို့ဆိုရန် မသင့်ပါ။
ဘဒန္တေ = အရှင်ဘုရား
(ဂ)ဝေဒနာ = ခံစားမှုသည်
နိစ္စံဝါ = မြဲသလော
အနိစ္စံဝါ,တိ = မမြဲသလော-ဤသို့မေးသော်
အနိစ္စ = မမြဲပါ
ဘဒန္တေ = အရှင်ဘုရား
ယံပနာနိစ္စံ = အကြင်မမြဲသော(ခံစားမှု)သည်
ဒုက္ခံဝါ = ဆင်းရဲခြင်းလော
တ = ထိုဟာသည်
သုခံဝါ,တိ = ချမ်းသာခြင်းလော-ဤသို့မေးသော်
ဒုက္ခံ = ဆင်းရဲခြင်းပါ
ဘဒန္တေ = အရှင်ဘုရား
ယံပနာနိစ္စံ = အကြင်မမြဲသော(ခံစားမှု)သည်

ဒုက္ခံ = ဆင်းရဲ၏။
ဝိပရိဏာမဓမ္မံ = ဖေါက်ပြန်ပြောင်းလဲသော သဘောရှိရာ
ကလ္လံ နုတံ = အသို့လျှင် သင့်လျှော်ပါအံ့နည်း။
သမနုပဿိတုံ = စဲ့လမ်းထင်မှတ်ခြင်းငှါ
တေမမ = ဤကား ငါပိုင်တည်း။
ဧသောဟမသ္မိ = ဤသည်ကား ငါပေတည်း။
ဧသောမေ = ဤသည်ကား ငါ၏
အတ္တာ,တိ = ကိုယ်စိုးကိုယ်ပိုင်တည်းဟု
နောဟေတံ = ဤသို့ဆိုရန် မသင့်နိုင်ပါ။
ဘဒန္တေ = အရှင်ဘုရား
(ဧ)သညာ = မှတ်သားမှုသည်
နိစ္စံဝါ = မြဲသလော
အနိစ္စံဝါ,တိ = မမြဲသလော-ဤသို့မေးသော်
အနိစ္စံ = မမြဲ၊ ငါ
ဘဒန္တေ = အရှင်ဘုရား
ယံ ပနဝနိစ္စံ = အကြင်မမြဲသော(မှတ်သားမှု)သည်
ဒုက္ခံဝါ = ဆင်းရဲခြင်းလော
တံ = ထိုဟာသည်
သုခံဝါ,တိ = ချမ်းသာခြင်းလော-ဤသို့မေးသော်
ဒုက္ခံ = ဆင်းရဲခြင်းပါ
ဘဒန္တေ = အရှင်ဘုရား
ယံပနာနိစ္စံ = အကြင်ပမြဲသော(မှတ်သားမှု)သည်
ဒုက္ခံ = ဆင်းရဲ၏။

ဝိပရိဏာမဓမ္မ = ဖေါက်ပြန် ပြောင်းလဲသော သဘောရှိရာ
ကလ္လ ံ နုတံ = အသို့လျှင် သင့်လျော်ပါအံ့နည်း။
သမနုပဿိတုံ = စဉ်လမ်းထင်မြင်ခြင်းငှါ
ဧတံမမ = ဤကား ငါပိုင်တည်း။
ဧသောဟမသ္မိ = ဤသည်ကား ငါပေတည်း။
ဧသောမေ = ဤသည်ကား ငါ၏
အတ္တာ,တိ = ကိုယ်စိုးကိုယ်ပိုင်တည်းဟု
နောဟေတံ = ဤသို့ဆိုရန် မသင့်ပါ။
ဘဒန္တေ = အရှင်ဘုရား
(၁၀)သခ်ါရာ = ပြုပြင်ပြောင်းလဲမှုသည်
နိစ္စံဝါ = မြဲသလော
အနိစ္စံ,ဝါ,တိ = မမြဲသလော-ဤသို့မေးသော်
အနိစ္စံ = မမြဲပါ
ဘဒန္တေ = အရှင်ဘုရား
ယံပနာနိစ္စံ = အကြင်မမြဲသော ပြုပြင်ပြောင်းလဲ မှုသည်
ဒုက္ခံဝါ = ဆင်းရဲခြင်းလော
တံ = ထိုဟာသည်
သုခံဝါ,တိ = ချမ်းသာခြင်းလော-ဤသို့မေးသော်
ဒုက္ခံ = ဆင်းရဲခြင်းပါ
ဘဒန္တေ = အရှင်ဘုရား
ယံပနာနိစ္စံ = အကြင်မမြဲသော ပြုပြင်ပြောင်းလဲမှုသည်
ဒုက္ခံ = ဆင်းရဲခြင်းမှု
ဝိပရိဏာမဓမ္မံ = ဖေါက်ပြန်ပြောင်းလဲသော သဘောရှိရာ

ကလ္လ ံနုတံ	=	အသို့လျှင် သင့်လျော်ပါအံ့နည်း။
သမနုပဿိတုံ	=	စ့ဲလမ်းထင်မှတ်ခြင်းငှါ
တေံမမ	=	ဤကားငါပိုင်တည်း
ဧသောဟမသ္မိ	=	ဤသည်ကားငါပေတည်း
ဧသောမေ	=	ဤသည်ကား ငါ၏
အတ္ထာ,တိ	=	ကိုယ်စိုးကိုယ်ပိုင်တည်းဟု
နောဟေတံ	=	ဤသို့ဆိုရန် မသင့်ပါ။
ဘဒန္တေ	=	အရှင်ဘုရား
(၁၁)ဝိညာဏံ	=	သိမှုတို့သည်
နိစ္စံဝါ	=	မြဲသလော
အနိစ္စံဝါ,တိ	=	မမြဲသလော - ဤသို့မေးသော်
အနိစ္စံ	=	မမြဲပါ
ဘဒန္တေ	=	အရှင်ဘုရား
ယံပနာနိစ္စံ	=	အကြင်မမြဲသော(သိမှုတို့)သည်
ဒုက္ခံဝါ	=	ဆင်းရဲခြင်းလော
တံ	=	ထိုဟာသည်
သုခံဝါ,တိ	=	ချမ်းသာခြင်းလော - ဤသို့မေးသော်
ဒုက္ခံ	=	ဆင်းရဲခြင်းပါ
ဘဒန္တေ	=	အရှင်ဘုရား
ယံပနာနိစ္စံ	=	အကြင်မမြဲသော(သိမှု)သည်
ဒုက္ခံ	=	ဆင်းရဲခြင်းဌ
ဝိပရိဏာမဓမ္မံ	=	ဖေါက်ပြန်ပြောင်းလဲသော သဘောရှိရာ
ကလ္လံနုတံ	=	အသို့လျှင် သင့်လျော်ပါအံ့နည်း။

သမနုပဿိတုံ	=	စွဲလာမ်းထင်မှတ်ခြင်းငှါ
တေမမ	=	ဤကား ငါပိုင်တည်း။
သောဟမသ္မိ	=	ဤသည်ကား ငါပေတည်း။
သောမေ	=	ဤသည်ကား ငါ၏
အတ္တာ,တိ	=	ကိုယ်စိုးကိုယ်ပိုင်တည်းဟု
နောဟေတံ	=	ဤသို့ဆိုရန်မသင့်ပါ။
ဘန္တေ	=	အရှင်ဘုရား
(၁၂)တသ္မာတိဟ	=	ဤသို့ထင်ရှားပြီး ဖြစ်နေသောကြောင့်
ဘိက္ခေ	=	ရဟန်းတို့
ယံ ကိဉ္စိ ရူပံ	=	အကြင်ရူပ်ဟူသမျှသည်
အတီတာ	=	ရှေးရှေ့(အနာဂတ်)ဖြစ်သော
နာဂတ	=	လာလတ္တံ(ဒေါနာဂတ်)ဖြစ်သော
ပစ္စုပ္ပန္နံ	=	ယခုမျက်မှောက် (ပစ္စုပ္ပန်)ဖြစ်သော
အဇ္ဈတ္တံဝါ	=	ကိုယ်တွင်းရှိ ရူပ်သည်ရင်း
ဗဟိဒ္ဓါဝါ	=	အပြင်ရှိ ရူပ်သည်ရင်း
သြဠာရိကံဝါ	=	ကြမ်းသော ရူပ်သည်ရင်း
သုခုမံဝါ	=	နုသော ရူပ်သည်ရင်း
ဟီနံဝါ	=	ယုတ်ညံ့သော ရူပ်သည်ရင်း
ပဏီတံဝါ	=	မြင့်မြတ်သော ရူပ်သည်ရင်း
ယံ ဒူရေ	=	အကြင် အဝေးဖြစ်သည်းဖြစ်သော
သန္တိကေဝါ	=	အနီးဖြစ်သည်းဖြစ်သော
သဗ္ဗံ ရူပံ	=	ခပ်သိမ်းသော ရူပ်အဖေါင်းသည်
နေတံ မမ	=	ထိုရူပ်သည် ငါပိုင်,ငါ့ဟာမဟုတ်။

နေသောဟမသ္မိ = ထိုရုပ်သည် ငါဖြစ်၏ဟုလည်း မဟုတ်။
နမေသောအတ္တာ = ထိုရုပ်သည် ငါစိုးငါပိုင်လည်း မဟုတ်။
တံ = ဤသို့ဖြစ်လေသောကြောင့်
ဝေဒေတံ = ဤဆိုအပ်ခဲ့ပြီးသော(ရုပ်)ဟူသမျှ၌
ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ
သမ္မပ္ပညာယ = တွင်းပြင်အားလုံး သိနားလည်မှုဖြင့်
ဒဋ္ဌဗ္ဗံ = ရှုမှတ်ဆင်ခြင်အပ်သည်။

(၁၃)**ယာကာစိဝေဒနာ** = အကြင်ခံစားမှု အားလုံးသည်
အတီတာ = ရှေးရှေး(အတိတ်)ဖြစ်သော
နာဂတ = လာလတံ့(အနာဂတ်)ဖြစ်သော
ပစ္စုပ္ပန္နံ = ယခုမျက်မှောက်(ပစ္စုပ္ပန်)ဖြစ်သော
အဇ္ဈတ္တံဝါ = ကိုယ်တွင်းရှိ ခံစားမှုသည်ရင်း
ဗဟိဒ္ဓါဝါ = အပြင်ရှိ ခံစားမှုသည်ရင်း
သုခုမာရိကံဝါ = ကြမ်းသော ခံစားမှုသည်ရင်း
သုခုမံဝါ = နုံသော ခံစားမှုသည်ရင်း
ဟီနံဝါ = ယုတ်ညံ့သော ခံစားမှုသည်ရင်း
ပဏီတံဝါ = မြင့်မြတ်သော ခံစားမှုသည်ရင်း
ယံ ဒူရေ = အကြင်အဝေးဌာ်ဖြစ်သော
သန္တိကေဝါ = အနီးဌာ်ဖြစ်သော
သဗ္ဗံဝေဒနာ = ခပ်သိမ်းသော ခံစားမှုအပေါင်းသည်
နေတံမမ = ထိုခံစားမှုသည် ငါ့ဟာမဟုတ်
နေသောဟမသ္မိ = ထိုခံစားမှုသည် ငါဟုမဟုတ်။
နမေသောအတ္တာ = ထိုခံစားမှုသည် ငါစိုးငါပိုင် မဟုတ်။

တိ = ဤသို့ ဖြစ်လေသောကြောင့်
ဧဝမေတံ = ဤဆိုအပ်ခဲ့ပြီးသော (ခံစားမှု)ဟူသမျှ၌
ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ
သမ္မပ္ပညာယ = တွင်းပြင်အားလုံး သိနားလည်မှုဖြင့်
ဒဋ္ဌဗ္ဗံ — ရှုမှတ်ဆင်ခြင်အပ်သည်။
(၁၄)**ယာကာစိသညာ** — အကြင်မှတ်သားမှု အားလုံးသည်
အတီတာ — ရှေးမရှေး(အတိတ်)ဖြစ်သော
နာဂတာ — လာလတ်(အနာဂတ်) ဖြစ်သော
ပစ္စုပ္ပန္နံ — ယခုမျက်မှောက် (ပစ္စုပ္ပန်)ဖြစ်သော
အဇ္ဈတ္တံ ဝါ — ကိုယ်တွင်းရှိ မှတ်သားမှုသည်ရင်း
ဗဟိဒ္ဓါ ဝါ — အပြင်ရှိ မှတ်သားမှုသည်ရင်း
သြဠာရိကံ ဝါ — ကြမ်းသော မှတ်သားမှုသည်ရင်း
သုခုမံ ဝါ — နုသော မှတ်သားမှုသည်ရင်း
ဟီနံ ဝါ — ယုတ်ညံ့သော မှတ်သားမှုသည်ရင်း
ပဏီတံ ဝါ — မြင့်မြတ်သော မှတ်သားမှုသည်ရင်း
ယံ ဒူရေ — အကြင်အဝေးဌာနဖြစ်သော
သန္တိကေ ဝါ — အနီးဌာနဖြစ်သော
သဗ္ဗံသညာ — ခပ်သိမ်းသော မှတ်သားမှု အပေါင်းသည်
နေတံမမ — ထိုမှတ်သားမှုသည် ငါ့ဟာမဟုတ်။
နေသောဟမသ္မိ — ထိုမှတ်သားမှုသည် ငါဟုမဟုတ်။
နမေသောအတ္တာ — ထိုမှတ်သားမှုတို့သည် ငါစိုးငါပိုင်မဟုတ်။
တိ — ဤသို့ ဖြစ်လေသောကြောင့်
ဧဝံမေတံ — ဤသို့ဆိုအပ်ခဲ့ပြီးသောမှတ်သားမှုဟူသမျှ၌

ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ
သမ္မပ္ပညာယ = တွင်းပြင်အားလုံး သိနားလည်မှုဖြင့်
ဒဋ္ဌဗ္ဗံ = ရှုမှတ်ဆင်ခြင်အပ်သည်။

(၁၅)**ယေကေစိသင်္ခါရာ** = အကြင်ပြုပြင် ပြောင်းလဲမှု အားလုံးသည်
အတီတာ = ရှေးရှေး(အတိတ်)ဖြစ်သော
နာဂတာ = လာလတံ့ (အနာဂတ်) ဖြစ်သော
ပစ္စုပ္ပန္နံ = ယခုမျက်မှောက် (ပစ္စုပ္ပန်)ဖြစ်သော
အဗ္ဘန္တရံဝါ = ကိုယ်တွင်းရှိ ပြုပြင်ပြောင်းလဲ မှုသည်ရင်း
ဗဟိဒ္ဓါဝါ = အပြင်ရှိ ပြုပြင်ပြောင်းလဲ မှုသည်ရင်း
သြဠာရိကံဝါ = ကြမ်းသော ပြုပြင်ပြောင်းလဲမှုသည်ရင်း
သုခုမံဝါ = နုသော ပြုပြင်ပြောင်းလဲ မှုသည်ရင်း
ဟီနံဝါ = ယုတ်ညံ့သော ပြုပြင်ပြောင်းလဲမှုသည်ရင်း
ပဏီတံဝါ = မြင့်မြတ်သော ပြုပြင်ပြောင်းလဲမှုသည်ရင်း
ယောဒူရေ = အကြင်အဝေးဌာ်ဖြစ်သော
သန္တိကေပါ = အနီးဌာ်ဖြစ်သော
သဗ္ဗေသင်္ခါရာ = ခပ်သိမ်းသော ပြုပြင်ပြောင်းလဲမှုအပေါင်း တို့သည်
နေတံမမ = ထိုပြုပြင်ပြောင်းလဲမှုသည် ငါ့ဟာမဟုတ်။
နေသောဟမသ္မိ = ထိုပြုပြင် ပြောင်းလဲမှုသည် ငါဟုမဟုတ်။
နမေသောအတ္တာ = ထိုပြုပြင် ပြောင်းလဲမှုတို့သည် ငါဖြုံ့ငါပိုင် မဟုတ်။

No. 7

တိ	=	ဤသို့ဖြစ်လေသောကြောင့်
ဝေမေတ	=	ဤသို့ဆိုအပ်ခဲ့ပြီးသော ပြုပြင်ပြောင်းလဲမှု ဟူသမျှ၌
ယထာဘူတံ	=	ဟုတ်တိုင်းမှန်စွာ
သမ္မပ္ပညာယ	=	တွင်းပြင်အားလုံး သိနားလည်မှုဖြင့်
ဒဋ္ဌဗ္ဗံ	=	ရှုမှတ်ဆင်ခြင်အပ်သည်။

(၁၆)**ယံကိဉ္စိ ဝိညာဏံ** = အကြင်သိမှု အားလုံးသည်

အတီတာ	=	ရှေးရှေး(အတိတ်)ဖြစ်သော
နာဂတ	=	လာလတံ့(အနာဂတ်)ဖြစ်သော
ပစ္စုပ္ပန္နံ	=	ယခုမျက်မှောက်(ပစ္စုပ္ပန်)ဖြစ်သော
အဇ္ဈတ္တံဝါ	=	ကိုယ်တွင်းရှိ သိမှုသည်ရင်း
ဗဟိဒ္ဓါဝါ	=	အပြင်ရှိ သိမှုသည်ရင်း
သြဠာရိကံဝါ	=	ကြမ်းသော သိမှုသည်ရင်း
သုခုမံဝါ	=	နုံသော သိမှုသည်ရင်း
ဟီနံဝါ	=	ယုတ်ညံ့သော သိမှုသည်ရင်း
ပဏီတံဝါ	=	မြင့်မြတ်သော သိမှုသည်ရင်း
ယံ ဒူရေ	=	အကြင်အဝေးဌာ ဖြစ်သော
သန္တိကေဝါ	=	အနီးဌာ ဖြစ်သော
သဗ္ဗံ ဝိညာဏံ	=	ခပ်သိမ်းသော သိမှုအားပေါင်းသည်
နေတံမမ	=	ထိုသိမှုသည် ငါ့ဟာမဟုတ်
နေသောဟမသ္မိ	=	ထိုသိမှုသည် ငါဟုမဟုတ်။
နမေသောအတ္တာ	=	ထိုသိမှုသည် ငါဟိုးငါပိုင်မဟုတ်။

တံ	=	ဤသို့ ဖြစ်လေသောကြောင့်
ဝေမေတံ	=	ဤဆိုအပ်ခဲ့ပြီးသော (သိမ္ဘ)ဟူသမျှ၌
ယထာဘူတံ	=	ဟုတ်တိုင်းမှန်စွာ
သမ္မပ္ပညာယ	=	တွင်းပြင်အားလုံး သိနားလည်မှုဖြင့်
ဒဋ္ဌဗ္ဗံ	=	ရှုမှတ်ဆင်ခြင်အပ်သည်။
(၁၇)ဧဝံ	=	ဤသို့ (သဘောမှန်ကို)
ပဿ	=	ပိုင်ပိုင်ထင်ထင် (ရှုမှတ်ဆင်ခြင်သော်)
ဘိက္ခဝေ	=	ရဟန်းတို့
သုတဝါ	=	အကြားအမြင် များသော
အရိယသာဝကော	=	မြတ်သောတပည့်သည် (နည်းခံသူ)
ရူပသ္မိံ ပိ	=	ရုပ်အစု အပေါ်၌လည်း
နိဗ္ဗိန္ဒတိ	=	အနှစ်သာရမဲ့တွေ့ ငြီးငွေ့ပြီ
ဝေဒနာယပိ	—	ခံစားမှု အပေါ်၌လည်း
နိဗ္ဗိန္ဒတိ	=	အနှစ်သာရမဲ့တွေ့ ငြီးငွေ့ပြီ
သညာယပိ	—	ဂုဏ်သားမှုအပေါ်၌လည်း
နိဗ္ဗိန္ဒတိ	=	အနှစ်သာရမဲ့တွေ့ ငြီးငွေ့ပြီ
သင်္ခါရသုပိ	=	ပြုပြင်ပြောင်းလဲခံနေရမှု အပေါ်၌လည်း
နိဗ္ဗိန္ဒတိ	=	အနှစ်သာရမဲ့တွေ့ ငြီးငွေ့ပြီ
ဝိညာဏသ္မိံ ပိ	=	သိမှုအစုအပေါ်၌လည်း
နိဗ္ဗိန္ဒတိ	=	အနှစ်သာရမဲ့တွေ့ ငြီးငွေ့ပြီ
(၁၈) နိဗ္ဗိန္ဒံ	=	အနှစ်သာရမဲ့တို့၌ ငြီးငွေ့လေလျှင်
ဝိရဇ္ဇတိ	=	သာယာတွယ်တာခြင်းမှ ကင်းပြတ်ပြီ
ဝိရာဂါ	=	တွယ်တာကပ်ငြိမှုမရှိခြင်းကြောင့်

ဝိပုဋ္ဌတိ = လွတ်မြောက်ပြီ
ဝိပုဋ္ဌသိ = လွတ်မြောက်သည်ရှိသော်
ဝိပုဋ္ဌပိတိ = လွတ်မြောက်ပြီဟု
ဉာဏံ = သိမှုသည်
ဟောတိ = ဖြစ်ပေါ်လေသည်။
ဝိဇာနာတိ = အဖြစ်ကိုစွဲ လက်စသိမ်းပြီ
ဝုသိတဗြဟ္မစရိယံ = အကျင့်မြတ်အားလုံးကိုစွဲပြီးပြီ
ကတ ကရဏီယံ = အလုပ်ဟူသမျှ ဘာမျှမကျန် လုပ်ပြီးပြီ
နာပရံ ဣတ္ထတ္တာယာတိ = ဤခန္ဓာဘဝမှတပါးအခြားအစဉ်မရှိပြီ
ပဇာနာတိ-တိ = ဤသို့ အသိထိန်တောက် အလင်းရောက်
လေပြီ။

(ဘုရား)ဣဒ မဝေါစ = ဤသို့ဟောတော်မူရာ
ဘိက္ခဝေါ = မြတ်စွာဘုရားသည်
အတ္တမနာ = ဝမ်းမြောက်ကြသည်ဖြစ်၍
ဟဋ္ဌဝဂ္ဂေါ = ဝါးဦးအစုရှိသော
ဘိက္ခူ = ရဟန်းတို့သည်
ဘဂဝတော = မြတ်စွာဘုရား၏
ဘာသိတံ = ဟောတော်မူခြင်းကို
အဘိနန္ဒုန္တိ = အလွန်အားရ ဝမ်းမြောက်ကြကုန်သည်။

စဉ်းစားရန်

ဓမ္မစကြာသုတ် သို့မဟုတ် ဓမ္မစက္ကပဝတ္တနသုတ်ကို သာမန်ကြည့်သွားရုံနှင့် ဗုဒ္ဓ၏အမြင်ကို သဘောပေါက်ရန်မခက်ပေ။

အဓိကမဂ္ဂိုင်းဟောင်း သစ္စာ ၄- ချက်ဖြစ်သည်။

ယင်း သစ္စာ ၄ ချက် သည်ပင် ဗုဒ္ဓ ဓမ္မ အစစ်မျှားကို ဘောင်ခတ်ထားခြင်းလည်းဖြစ်သည်။

(၁) ဒုက္ခသစ္စာ — ဆင်းရဲဖြစ်ခြင်းအမှန်
(၂) သမุဒယသစ္စာ — ဆင်းရဲဖြစ်ကြောင်းအမှန်
(၃) နိရောဓသစ္စာ — ဆင်းရဲငြိမ်းခြင်းအမှန်
(၄) မဂ္ဂသစ္စာ — ဆင်းရဲငြိမ်းကြောင်းအမှန်

ဤသည်ပင် သစ္စာ ၄-ပါး၏ အရှင်းဆုံး အဓိပ္ပါယ်ဖြစ်သည်။ ယင်း သစ္စာ ၄-ပါးတွင်၊ ပဌမ သစ္စာ ၂-ပါးဖြစ်သော ဒုက္ခနှင့် သမุဒယ သစ္စာတို့သည် လောကီသစ္စာမည်၏။

သဘောမှာ ယင်း ပဌမသစ္စာ ၂-ပါး သည်သာ ဤလောကီဘုံ၏ ဒုက္ခသစ္စာ နယ်ဖြစ်နေစေသော အကြောင်း အကျိုးဆက် အခြေခံတရားဖြစ်သည်ဟု ဆိုလိုသည်။ ယင်း ၂-ပါးသောသစ္စာကား ပယ်ရမည့်တရား၊ မျှားတည်း။

နောက် ဒုတိယဖြစ်သော နိရောဓနှင့် မဂ္ဂသစ္စာ ၂- ပါးမှာ လောကုတ္တရာသစ္စာဖြစ်သည်။ ဤသစ္စာ ၂-ပါးသည်သာ ဗုဒ္ဓရှင် အလိုရှိသော သစ္စာဖြစ်သည်။

ဗုဒ္ဓ သည် ဤလောကီ သံသရာ ကျင်လည်နေရခြင်း၏အခြေခံနှင့် ပတ်သက်၍ မည်သည့် အချက်သည်သာ အမှန်ဆုံးဖြစ်လေသနည်းဟု ရှုကြည့်ဆင်ခြင်တော်မူသောအခါ၊ ဤပဌမလောကီသစ္စာ ၂-ပါးသည်သာ လောကီ၏ အမှန်ဆုံး အရင်းမူလအခြေခံဖြစ်သည်ကို တွေ့မြင်တော်မူသည်။

နောက်ယင်း သစ္စာ ၂-ပါးဖြင့် ကျင်လည်မဆုံး ဖြစ်နေသော ဒုက္ခနယ် လောကီသံသရာဘဝင်မှ လွတ်ကင်း ငြိမ်းချမ်းရာကို တဖန် ရှုကြည့်တော်မူပြန်သည်။ ဤတွင်ဒုတိယဖြစ်သော လောကုတ္တရာသစ္စာ ၂ ပါးကို တဖန်တွေ့မြင်တော်မူပြန်သည်။

ဤမှစ၍ ဗုဒ္ဓသည် ပဉ္စဝဂ္ဂီနှင့် ဘက္ခု ယသ သတ္တိသားနှင့်အပေါင်းပါ မျှားဖြစ်သော ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇီ၊ ဂဝံပတိ စသော ပဌမပါဠိပင် ဘက္ခုတ် ကရားရှိ၍ ဤသံသရာဒုက္ခမှလွတ်မြောက်ကြသူ ခြောက်ကျိပ်သော အာရိယာမြတ်တို့မှတဆင့်-ဤလောကအား ၄-ပါးသောသစ္စာကို ဗဟိုမလွှဲ ဦးပြု၍ လောက၏ သဘောသဘာဝကို ကျိုးသိုကသည်းဟုဆင်း၊ ဤလောကမှလွတ်မြောက်ရန်သည် ဤ သို့ကသည်းဟုဆင်း၊ ဤဓမ္မစကြာကို ဖွင့်ဆိုဟောညွှန်ကာ မူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် "ဝတ္ထုသစ္စာ ဝိနိမုဒ္ဓတ္တာ ဓမ္မော နာမနဏ္ဍိ" ဗုဒ္ဓ၏ တရားဟူသည် သစ္စာ ၄-ပါးမှ ကင်းသောတရားဟူ၍မရှိ" ဟု ဟောတော်မူခြင်းဖြစ်သည်။

သစ္စာ ၈-ပါး ၁၆-ပါးခွဲ၍ သည်း သစ္စညာဏ်-အသိ၊ ကိစ္စညာဏ်-အလုပ်၊ ကတညာဏ်-ပြီးပြီး၍ ညာဏ်သုံးယင်စီဖြင့် ရှုပွတ်အားထုတ်ပြီးမြောက်ရန် အစပ် ၃-ပါးစီရှိပြန်သည်။

ထို့ကြောင့် သစ္စာ ၄-ပါးတွင်၊ တိပရိဝဋ္ဋ အစပ်သုံးပါးရှိသော ဒွါဒသာကာရ၊ ခြင်းရာ ၁၂- ပါးကိုဟူ၍ ဓမ္မစကြာကို ဖွင့်တော်မူခဲ့သည်။

ယခု ဓမ္မစကြာကိုစ၍ အတိုချုံးခါ လိုရင်း အဓိပ္ပါယ် ရရုံမျှ ရှင်းပါ၏တော့မည်။ ဘကယ်သာ အပြည့်ဖွင့်ပါက ဤထေရာဝါဒ ဂိုဏ်းက ပိဋကတ်မျှ မက၊ မဟာယာနက ပိဋကတ် အားလုံးကိုပါ ကူးစက် ထိုးဖေါက် သွားမည် အမှန်ဖြစ်ပေသည်။ ဓမ္မစကြာ၏ နယ်ကား ဤမျှကျယ်လှ၏။

အကြောင်းမူကား ဓမ္မစကြာသည် ဗုဒ္ဓဘုရားရှင်၏ တရားအစစ်အနှစ် သရဖူဖြစ်သောကြောင့်တည်း။

အချို့က ပြောကြသည်။ အချို့ဆိုရာ၌ စာတတ်ပေတတ်ဆိုသော ဘုန်းကြီးရဟန်းတော့ပါပါ၏။

"ဟာ- ဒီဓမ္မစကြာ ဆိုတာက ဘုရားဟောတော့မှန်ပါတယ်၊ ဒီသုတ်လောက်နဲ့ အကျယ်တရားရနိုင်တယ်ဆိုတာက မလွယ်ပါဘူး၊ ဘုရားစပြီးဟောတုန်းက နာတဲ့ပုဂ္ဂိုလ်မျှားကလဲ ပဉ္စဝဂ္ဂီ ၅ဦး၊ ပဉ္စဝဂ္ဂီ ၅-ဦးသာ ဆိုပေမဲ့ ပါရမီတွေက အလွန်ရင့်နေတဲ့ ရောမပုဂ္ဂိုလ်မျိုးတွေ မို့သာ ကျတ်ထာဖြစ်မှာပေါ့။ အခုလူတွေက ပဉ္စဝဂ္ဂီရဲ့ ခြေမှုံ့လောက်မှ ဉာဏ်မီတာတော့မှုမှုတ်ဘဲ၊ ဒီဓမ္မစကြာ လောက်နဲ့ ဘယ်ရမလဲ" တဲ့။

"ကဲ ဒါဖြင့် ယသ သတို့သားနဲ့ သူ့အပေါင်းပါ ၅-ကျိပ် ကျော်တွေကကော ပဉ္စဝဂ္ဂီနဲ့ ဘာ အခြေခံ အရည်အသွေး အလွန်ကွာနေတာတွေ မှတ်ဖူးလား။ အဲဒါတွေကော အဲဒီ ပဌမဆုံး မိဂဒါဝုန် ၁ ကြိမ်စည်မှာဘဲ ကျတ်ကြတာဘဲမှတ်လား"

ဤသို့ ပြန်မေးသောအခါ၊ ပါရမီ လုံ့ဋ္ဌာန်ယူသလိုလို, ဘဝ ကုသိုလ်ကံကို လုံ့ဋ္ဌာန်ယူသလိုလိုနှင့် အူတူတူလုပ်ပစ်လေ့ရှိကြသည်။

ဤဆင်ခြေဆင်လက်မျိုးကား ဘာအဓိပ္ပါယ်မျှမရှိပေ၊ မရှိရုံမက ဗုဒ္ဓ၏ တရားစစ် ဖြစ်သော သစ္စာမဂ္ဂင်၏ အဖွဲ့ ခမ္မစကြာတရား တော်ကြီးကိုပါ ကျဉ်းမြောင်း သက်သို့ ခေါ်ဆောင်သည် သိမ်ဖျင်း စေခြင်းပင်ဖြစ်သည်။ တနည်းပြောရလျှင် တကယ်သာ သာသနာ နှင့် ဗုဒ္ဓဟောသာသနာကိုသာ ခေါ်စားကြပြီး၊ တကယ်. ဗုဒ္ဓ ဘုရားရှင်ကြီး၏ သာသနာမှ သစ္စာ ၄-ပါးအစစ်ကိုကား- လားလား မျှ တန်ဘိုးမထားခြင်းသာဖြစ်သည်။

ဒုခွင့်ကြုံသခိုက် စပ်မိတုန်း ပြောလိုက်ဦးမည်။

မဟာဝဂ် ပါဠိတော် မဟာပရိနိဗ္ဗာန သုတ်တွင် "ဗုဒ္ဓရှင်သည် နာဠန္ဒမြို့သို့ ချဉ်းကပ်၍ ပါဝါရိက သူဌေး၏ သရက် ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ်-လက္ခဏာတော်ရံ သာဝကကြီး ဖြစ်သော အ သျှင်သာရိပုတ္တရာ က ဗုဒ္ဓဝေါ လက်အုပ်ချီလျက်၊ အရှင်ဘုရား— သဗ္ဗညုတညာဏ် အရာ၌ မြတ်စွာဘုရားထက် သာလွန်၍ သိသော အခြားသော သမဏ ဗြဟ္မဏမည်သည် နောက်ကလည်း မရှိခဲ့၊ နောင်တွင်လည်း ရှိမည်မဟုတ်၊ ယခုလည်း မရှိဟု မြတ်စွာဘုရား အပေါ်၌ တပည့်တော်သည် ဤသို့လျှင် ယုံကြည်လျက် ရှိပါ သည်" ဟု လျှောက်လေသော—

ဗုဒ္ဓရှင်က "ပွင့်ဆဲဖြစ်သော ငါ့အား သင်မည်သို့ ပိုင်းခြား၍သိနိုင်သနည်း။ သင့်၌ စေတောပရိယညာဏ် ရှိသလော" ဟုမေး တော်မူလျှင်!

"မရှိပါဘုရား၊ သို့သော် တပည့်တော်၌ "ဓမ္မာနွယ" ဥာဏ်ကိုရှေ့ရှိသိပါသည်။ ဤမျက်မှောက်သိဖြင့်သာ ချင့်ချိန်သောဥာဏ်ဖြင့်သိပါသည် ဘုရား"ဟုလျှောက်လေသည်။(သျှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးပင် မျက်မှောက်သိ ဥာဏ်ဖြင့်သာ ပရိနိဗ္ဗာန်ပြု သည်ကိုသတိပြု)

ဤကား အလွန်ခိုင်မာသော ပါဠိတော်ပါ အထောက်အထားဖြစ်သည်။ ဆိုလိုရင်းမှာ မြတ်စွာဘုရားမှလွဲလျှင် ပညာ အရာ၌ အဘူမရှိသော လက္ခါဝတော်ရှိ သာဝကကြီး ဖြစ်သော အသျှင်သာရိပုတ္တရာ မထေရ် မြတ်ကြီး သော်မျှ ဗုဒ္ဓရှင် နှင့် အမြင်အသိကို ကူးသောဥာဏ်မျိုး မရှိမရှိနိုင်ခဲ့ပါဘဲလျက်—

တကထာ အဋ္ဌကထာ သာသနာ ဘက်သားတို့က ထို ထို အဋ္ဌကထာတို့ကို ဗုဒ္ဓမတည့် (ဘုရားဥာဏ်နှင့်အတူ) ရသူပုဂ္ဂိုလ် များဖေးခြင်းဖြစ်၍ ဗုဒ္ဓနှင့် အဆင့်တူ တန်းတူ ထား၍ လက်ခံ သည်ဟူသော ဆင်ခြေသည် ဗုဒ္ဓအား ဘယ်မျှသာ သဘော ထားသည်ကို အထူးစဉ်းစား နားလည်နိုင်ပြီ။

ဗုဒ္ဓ၏ မူရင်းဒေသနာမျှားဌ အတိတ်ကံကိုအစဲပြုသော ပရိပရ ကမ္မာဝစရ ကုသိုလ်—အကုသိုလ်မျိုးအား စဉ်ယူလက်ခံယုံကြည်ရန် မပါမရှိပေ။ ဝိပါကာဌ အပါယ်ဝရဲ စသောအယူမျိုးသည်လည်း ဗုဒ္ဓရှင်အစစ်၏ ဝါဒမျှားမဟုတ်ချေ ။ (သခ်ၣမသုတ် — ဂါမဏိ သံယုတ်)

ထို့ပြင် နတ်ပြည် ဗြဟ္မာပြည်ရောက်ရေး ကုသိုလ်ဒါနဆိုလ မျိုးကိုလည်း ဗုဒ္ဓ အားပေးလိုလားသော အလုပ်မျှားမဟုတ် ဖြစ် သည်။ (မူလပဏ္ဏာသ-စေတောခိလသုတ်)

သို့သော် ပိဋကတ်၌ အချို့အချို့သောသုတ်များသည် ထိုအယူအစဉ်များကို ဗုဒ္ဓရှင်လက်ခံသယောင်ယောင် ပါရှိနေသည်။ အမှန်ကား မရေရာသော- အယူအစဉ်မှန်က ဒိဋ္ဌိပါဒါန်ချည်း ဖြစ်၏။ ဒိဋ္ဌိပါဒါန်ကား ဗုဒ္ဓပယ်သော တရားများသာဖြစ်သည်။ (ဥဒါန်း ပါဠိတော်·ဗာဟိယသုတ်)

ထို့ပြင် ဗုဒ္ဓသည် ဗြဟ္မဏတို့၏ ဇာတ်အနှယ်အယူဖြစ်သော အယုတ် အလတ် အမြတ်ဟူ၍မရှိ၊ လူသားလူနှင့်တကွ သတ္တလောကသားအားလုံးအား တည်ငြိမ်းမေတ္တာထားလျက် ဆက်ဆံ၏။ ယုတ်သည်မြတ်သည်ဟူ၍မရှိ၊ ထွီထွမ်မလုပ်။ မိဂဒါဝုန် ပထမဝါကပ်အပြီး ဥရုဝေလတောသို့ကြွ၍ အကျင့်အားဖြင့်ရင်း၊အယူအားဖြင့်ရင်း မတူကွဲပြားသော ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပစသော ရဟေ့ညီနောင်တို့နှင့်အတူ ကြွသွားသီတင်းသုံး၏။ ရဟေ့တို့၏ ဆွမ်းကိုလည်းစား၏။ ဂိုဏ်းမတူ ဇာတ်မတူဟူ မပညတ်ချေ။

အဝတ်သက်နှ်ဒ္ဓလည်း အကောင်း အဆိုးမရွေး၊ ပိုးလောက်တို့နှင့်ပြည့်သော လူသေကောင်ကို ပတ်သော အဝတ်ကိုလည်း ဝတ်၏။

ဤမျှမကသေး၊ ဗုဒ္ဓသည် ယခုလူအများကြီးက လက်ခံ ယုံကြည်နေသော တမလွန် ဆုတောင်းခြင်း, ဆုပေးခြင်း- စသော ကမ္မ သကတာ ဒါန သံလ ကုသိုလ်များကို မပြုလုပ်– အားမပေးပြန်ချေ။ ဗုဒ္ဓဂေါတမ၏ အနေဖြင့် မည်သည့် တမလွန် ဘုံဘဝ အကျိုးပေး ဇာတိအဖြစ်တရားများ မဆို၊ အဖြစ်မှန်က ဒုက္ခသစ္စာချည်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသည် ၎င်းကိုယ်တော်တိုင် ပယ်

စွန့်ထားသော ဒုက္ခသစ္စာနယ်မှ မလွတ်သည့် တမလွန် ဆုတောင်း ဆုပေးမျှားကို အားမပေးခြင်း ဖြစ်သည်။ အလွန် ထင်ရှားသော အထောက်အထားသည် ဝိနည်း မဟာဝါဒ် ပါ၏။

မဟာဝါ ပါဠိတော် စာမျက်နှာ (၃၉၂) ၌ ဓိဝရကွန္ဒကဝဂ် ဇီဝက ကသက်နီးလှူ၍ ဆုပေးရန် ဗုဒ္ဓကို လျှောက်ထားသော အခါ "အတိက္ကန္တဝရာ ခေါဇီဝက တတာဂတာတိ" ဟုပါ၏။ နောက် ၎င်းပါဠိတော် စာမျက်နှာ ၄၀၅-၌လည်း ဝိသာခါက ဆုတောင်းသောအခါလည်း ဤအတိုင်းပင် မိန့်တော်မူသည်။

အဓိပ္ပါယ်ကို သေချာစွာသိလိုက ၎င်းပါဠိတော် မြန်မာပြန် စာမျက်နှာ –၃၉၅– ဇီဝကသုတ်တွင်ကြည့်– " ဇီဝက မြတ်စွာ ဘုရားတို့ မည်သည် ဆုပေးခြင်းမှလွန်မြောက်၏။ " ဟု မိန့်ဟ ချက်ထင်ရှားပါ၏။

နောက် ၎င်း မဟာဝါ ပါဠိ မြန်မာပြန် စာမျက်နှာ (၄၀၉)၌ လည်း ဝိသာခါကို ဤအတိုင်းပင် ဟော၏။ "မြတ်စွာဘုရားတို့ သည် ဆုပေးခြင်းမှ လွန်မြောက်၏" ဟုပါပြန်သည်။ သဘော မှာ–"မြတ်စွာဘုရားတို့မည်သည် ဆုပေးမှုမှ လွန်သဖြင့် ဆုပေး ရိုးမရှိပြီ" ဟုဆိုလိုသည်။ "တို့" ဟူသောဗဟုဝုဒ် အသုံးကိုကြည့် ပါ။

ဇီဝကနှင့် ဝိသာခါတို့က "အပ်လည်းအပ်စပ်, အပြစ်လည်း မရှိပါ" ဟု သန္ဓိဋ္ဌိက ဓမ္မနှင့် အညီ အတ္တစ္ခဲ ကိုယ်ကျိုးမပါ၊သာ သနာ့အရေး သက်သက်ကို ခွင့်ပန်နေကြောင်း လျှောက်ထားမှု သာ ခွင့်ပြုတော်မူသည်။

နတ် ဗြဟ္မာ နှင့်ပတ်သက်သော တမလွန်မျှော် ဘုံစင်စံ အယူ အစဲ့မျိုးကိုကား ဗုဒ္ဓသည် ရက်ရက် စက်စက် ရှုံ့ချထားသည်။ အင်ဂုတ္တိုရ် ပါဠိတော်မြန်မာပြန် စာမျက်နှာ(၁၃၈) ဒေဝလော ကသုတ်ကိုကြည့်–

"ရဟန်းတို့ သင်တို့အား အခြားဂိုဏ်းဝင် သမဏ ဗြဟ္မဏ တို့က– ငါ့ရှင်တို့၊ငါ့ရှင်တို့သည် ရဟန်းဂေါတမထံ၌ မြတ်သောအ ကျင့်ကို ကျင့်သည်မှာ နတ်ဖြစ်ရေး ဗြဟ္မာဖြစ်ရေး လောဟု အ ကယ်၍မေးငြားအံ့– ယင်းအမေးသည် လွန်စွာ စက်ဆုတ်ဖွယ်, ငြီးငွေ့ဖွယ်, ရှက်ဖွယ် ကောင်း၏။

ရဟန်းတို့, နတ်ဖြစ်ရေး၌ ရှက်သော်, ငြီးငွေ့သော်, စက် ဆုတ်သော်၊ ရှေးဦးစွာကပင် သင်တို့သည် ကာယကံ, ဝစီကံ, မနောကံ တို့အား ဒုစရိုက်မဖြစ်အောင် ဆင်ခြင်ရာ၏။ ထိုထို ဘုံဘဝဖြစ်ရေးသည် ရှက်ဖွယ်, ငြီးငွေ့ဖွယ်, စက်ဆုတ်ဖွယ် ဟု သိရာ၏။

ဗုဒ္ဓသည် အတိတ် ကမ္မာဝစရ ကုသိုလ် အကုသိုလ် အရ ယခုဘဝ အကျိုးရ သည်ဟု ယူက ပုဗ္ဗေကတဟေတုဒိဋ္ဌိ အဖြစ် ပယ်တော် မူခဲ့၏။ အနာဂတ် တမလွန်ရေးကို ဝိစိကိစ္ဆာ ဟူ၍ ဒုက္ခသစ္စာအဖြစ် ရှုမြင်ထားတော်မူသည်။

ဥဒါန်းပါဠိတော် စူဠဝဂ် အပရလ ကုလ္လကဘဒ္ဒိယ သုတ်၊ ဗောဓိဝဂ် ဗာဟိယ သုတ် စသည်တို့၌လည်း အတိတ်ကြောင်း အနာဂတ်ကြောင်းများကို အမြဲတမ်း မပါမရှိခဲ့ချေ။

ထို့ပြင် ဥဒ္ဒကနိကာယ် ဓမ္မပဒ မှ အလွန် ပြတ်သားသော "အတ္တာဟိ အတ္တနော နာထော ကောဟိနာထော ပရောသိယာ"

မိမိသည်သာ မိမိ၏ အားကိုးရာအစစ် အမှန်ဖြစ်သည်၊ ဟူသော ဗုဒ္ဓဟော အစစ်ကို မျက်စေ့လယ်အောင် ဂွတိုက်သော ရှုတ်ဖတ် သရဇျယ်ပွဲ အမျိုးမျိုး၊ အားကိုးရှာသော ဆုတောင်း ဆုပေးမှုအထွေထွေသည် ဤမျှ ပြတ်သားသော ဗုဒ္ဓသာသနာနယ် အတွင်းသို့ ဆဲ့သွင်းလှမ်းမိုးစေခဲ့သည်။

အမျှဝေခြင်း... ဟူသောအလုပ်သည် ဧကန်အားဖြင့် တစုံတယောက်က တစုံတရာသော ထင်ရှားပစ္စည်း တခုကို မျှတ၍ ဝေပေးခြင်းကိုသာ ဆိုလို၏။ ယခုကား ဘာမျှမပါ ဗလာသက်သက် ဖြစ်သော လေသံကိုသာ အမျှဝေကြရာ၊ လေသံမှာ လေသံသာဖြစ်၍ ဘာမျှလည်း ထင်ရှား ရသောအရာမဟုတ်တော့ချေ။ သန္ဓိဋ္ဌိကဓံမဂုဏ် ၅-ပါးနှင့် ကိုက်ညီလျှင်သာ ဗုဒ္ဓ၏ဓမ္မဖြစ်သည်။

ဗုဒ္ဓဝါဒကို ခြေခြေမြစ်မြစ်လိုက်လျှင် ယင်းသို့သော သဘာဝဓမ္မနှင့် မစပ်မဟတ်သော ပရိယာယ်ဝေဝုဒ် မျှားကို ဘာတခုမျှ လက်မခံသည်ကို တွေ့ရမည်။

သို့သော် ဦးကာ တကထာ အဌကထာ တွေ့သည်ကား၊ ထိုကဲ့သို့သော ဥပါဒါန် အစဲ့ပေလုံး အဖွင့်သံဝဏ္ဏာတွေနှင့် ဒင်းကြမ်းပြည့်မျှမှိုနေသည်။ ကမလွန်ဘဝ အကျိုးပေး အကောင်းအဆိုး တွေ့မျိုးစုံဖြင့် အချောက် အမြောက်တွေ ဒုနှင့်ဒေးဖြစ်နေသည်။

ပေတ နှင့် ဝိမာန ဝတ္ထုမျိုးတွေသည် ဗုဒ္ဓပွင့်ပြီး နှစ်ပေါင်း ၁၄၀၀-ခန့် ကြာမှုပေါ်လာသော တရားတွေဖြစ်၏။ ၎င်းတို့သည် ဗုဒ္ဓဟော သဘာဝဓမ္မ အခြေခံ သစ္စာ ၄-ပါးနှင့် မည်မျှ အံဝင်မဝင်ကိုလေ့လာကြစေလိုသည်။ ဗုဒ္ဓအစစ်နှင့် ဘာမျှမဆိုင်ပေ။

ဆက်ရေးရလျှင် တပုံကြီးဖြစ်လာချေရော့.မည်။ ဤမျှဆိုက စဉ်းစားနိုင်လောက်ပါပြီ။

ထို့ကြောင့် ပထမဝါ ဓမ္မစကြာ၏ လိုရင်းကိုသာ အနည်းငယ်ရှင်းပါတော့မည်။

သုတ်ရင်းတွင် ညွှန်းထားသော ကွင်းပိတ် **အမှတ်စဉ်**များ ကိုသာ ပြန်လည်တိုက်ဆိုင် ကြည့်ကြပါကုန်။

ပို၍ ပို၍ ရှင်းသွားပါလိမ့်မည်။

ဓမ္မစကြာအရှင်း

(၁) ဤ အပုဒ်ကား ဓမ္မစကြာသုတ်ကို ရွတ်ဆိုကြရန် ဆော်သြလိုက်ခြင်းသာဖြစ်သည်။ ပဏာမ သဘောသာဖြစ်၏။ ဘုရားဟောမဟုတ်သေးချေ။

သို့ရာတွင် ဗြဟ္မာကြီး တောင်းပန်၍သာ ဗုဒ္ဓက တရားဟောရလေဟန် အဓိပ္ပါယ် လမ်းခင်းထားပုံသည် ဗြဟ္မဏဂိုဏ်းမှ ဗြဟ္မာကြီးကို ဗုဒ္ဓတရား နှင့်ပေါင်း၍ ပွဲထုတ်ပေးလိုက်ကြဟန်တူသည်။ ဗြဟ္မာကြီးဘဲ ကျေးဇူးတင်ရ မလိုလို။

နဒ္ဒိတံသဗ္ဗဒေဝေဟိ=နတ်အားလုံး နှစ်သက်ဖွယ် ဖြစ်သော၊ သဗ္ဗလောကတိ သာဒကံ သဗ္ဗလောက ဟိတတာယ= စီးပွားအားလုံးပြည့်စုံစေသော လောကအားလုံး၏ အကျိုးစီးပွား အလို့ငှါဟူသော ပုဒ်တွေ့သည် အတ္တာဟိ အတ္တနောနာထော ဟူသော ဗုဒ္ဓ၏ ကိုယ့်အား ကိုယ်ကိုးရေး ဒေသနာကို မျက်စေ့လယ်အောင်လှည့်ပစ်လိုက်ခြင်းဖြစ်သည်။ ဗုဒ္ဓသည် လောကအကျိုးစီးပွားကို အပြစ်ဟု မ-ဟောသော်လည်း၊ လောက အကျိုးစီး

ပွားအတွက် ပွင့်သောဘုရားမျိုး မဟုတ်။လောကုတ္တရာ မဂ်ဖိုလ် အလို့ငှါသာ ပွင့်သောဘုရားဖြစ်သည်။

ဤနှီးဆော်ချက် ပဏာမအပုဒ်မှာ နောက်ခေတ်ပွား လူသား၏ လက်ရာဟု ထင်ရှားဖြစ်၍ အထူးစဉ်းစားရန် မလိုတော့ပေ။

(၂) ဤကားအထူးမရှိ။ပထမ သံဂါယနာတင်တွင် အသျှင် အာနန္ဒာမထေရ်ကြီးက သဘာပတိဖြစ်သော အသျှင်မဟာ ကဿပကြီးသို့ သူ ကြားသိရသည့် အတိုင်း လျှောက်ထားချက် သာဖြစ်သည်။

(၃) ဗုဒ္ဓ၏ တရားအစစ် ဓမ္မစက္ကြာ ကား ဤအပုဒ်မှစ၏။

'ပဗ္ဗဇ်တေန' ဟူသော ပုဒ်ကား လူဘဲ ရဟန်းဘဲ ဟုမဆို၊ ကိုလေသာ တဏှာ ကာမ ကို အမှန်းကြီးမှန်း အရှု့ကြီးရှု့ ပြီး ရက်ရက် စက်စက် တကယ့် ဇဲသတ္တိရှိရှိနှင့် ပယ်လိုသော နောက် မဆုတ်တန်းကြမည့် တကယ့် အာဇာနည် ယောကျ်ားဟု အ ဓိပ္ပါယ် ရ၏။

ဤအပုဒ်တွင် တရားလွန် အစွန်း ၂-ပါးရှိကြောင်းကို ဗုဒ္ဓ စပ်ပြင့်၏။

(၄) ကာမေသု-ကာမ ၅-မျိုးဟူရာ၌၊ မျက်စေ့အကြိုက်, နှာခေါင်းအကြိုက်, လျှာအကြိုက်, ကိုယ်အတွေ့, ဖေါ်ဌပ္ပဗေအာရုံ တို့ကို စဲ့မက်ခြင်းစသော ၅မျိုးဖြစ်သည်။ အကြိုက်သည် အကျိုး ရှိသောအရာမဟုတ်။ အမှန်ကို လိုက်သောသူသည် အကြိုက်နှင့် မဆုံးဖြတ်ရ။ အကျိုးရှိမရှိ,မှန် မမှန် ဟူသော အချက်ကိုသာ ပရ မတ္ထသဘာဝကျကျ သုံးသပ် ဆုံးဖြတ်ရ၏။

ဗုဒ္ဓရှင်၏ ဟောလိုရင်းကား ကာမကို ရှောင်၍ သဘာဝ အသက်ရှင်ရေးမျှဖြင့်သာ ခြိုး.ခြံ ကျင့်ကြံမှုကိုဆိုလိုသည်။

(၅) အတ္တကိလ မထာနုယောဂေါ-ဤအပုဒ်ကား ဤဗမာ ပြည်ကလူမျိုးနှင့် ဆိုင်ဟန်မတူပေ။အနောက်မဇ္ဈိမဒေသ၌ ဗုဒ္ဓပွင့် ချိန်ခေတ်မတိုင်မီကစပြီး ယခုတိုင် အထင်အရှားရှိနေသေးသော ဟိန္ဒူ။ဆာဒူး ဝေဒယောဂီကြီးတို့၏ ကိုယ်.ကိုယ်ကိုညှဉ်းပန်းသော တရားလွန် အကျင့်မျိုးဖြင့် ကိုလေသာကုန်ရန် အားထုတ်သူမျိုး ကိုသာ ရည်ရွယ်ဟန်တူသည်။

ၜင်းတို့ကား ဆူးပေါ်အိပ်ကျင့်လိုကျင့်၊မြေကြီးထဲဝင်ထိုင်ပြီး ၁၀-၁၂-နှစ် မထတန်းကျင့်လိုကျင့် ဆိုသောပုဂ္ဂိုလ် လူလွန်ကြီး မျိုးတွေဖြစ်၏။

သဘောမှာ ကိုယ်စိတ်၂ ပါးကို ပိတ်ချုပ်ထားပြီး ပင်ပန်း စွာအားထုတ်မှ တရားရ၍ ကိုလေသာကုန်သည်ဟု ထင်မှတ်ပြုလုပ် သော အလုပ်အားလုံးကို ဆိုလိုသည်။

(၆) ဤအပုဒ်၌ မဇ္ဈိမပဋိပဒါဖြစ်သော တရားလွန်အစွန်း ၂-မျိုးဖြစ်သည့် ကာမကိုလည်းရှောင်၊ အတ္တကိလမထာ-ကိုယ် ကိုညှဉ်းပန်း နှမ်းနှယ်စေမှုကိုလည်းရှောင်၊ နှစ်ဘက်အစွန်း မကပ် သည့် အလယ်ဗဟို လမ်းစဉ်ကိုသာ လိုက်ဟုဆို၏။

(ဤတွင် မဇ္ဈိမပဋိပဒါ ကို အလယ်အလတ် မယုတ်မလွန် မျှတသော လမ်းစဉ်ဆိုလျှင် မမှန်။ချိန်ခွင်လျှာလို ဘယ်ဘက်မှအ စွန်းမထွက်, အလယ်ဗဟိုတည့်တည့် လမ်းစဉ်ဟု ဆိုမှ မှန်ကန် မည်။)

(၇) စက္ခုကရဏီ ဟူရာ၌ ယခုမျက်စေ့က မြင်နေသော အမြင်သည် သမုတိသစ္စာနယ်၌သာ မြင်နေ၏သာ လောကီအမြင်သာဖြစ်၏၊ ထိုအမြင်မျိုးကို လွန်မြောက်၍ သဘာဝဓမ္မဗာစစ်ဖြစ်သော ပရမတ္ထသစ္စာနယ်အထိ ထိုးဖေါက် မြင်ရောက်ရန်ပင်ဖြစ်သည်။

ဤသို့ သမုတိသစ္စာကိုလွန်၍ ပရမတ္ထသစ္စာထိ မြင်ရန်သည်လည်း ဥာဏကရဏီ ဥာဏ်အမြင်က ဖေါက်ရန်ပါလိုသည်။ ဥပမာ စာအုပ်ကို စာအုပ်အတိုင်း မြင်ခြင်း သိခြင်းထက် စာအုပ်ဖြစ်စေသော စာရွက်များ၊ထိုစာရွက်များဖြစ်စေသော သစ်ဝါးများ၊ ထိုသစ်ဝါးများဖြစ်လာသော ပထဝီ အာဝေါ ဝါယော တေဇော စသည့် မဟာဘူတခေါတ်ကြီးများ၏ အဖွဲ့အစည်းများအထိ ထိုးဖေါက်အသိရောက်သော အမြင်အသိမျိုးကို ဆိုလိုသည်။ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမတို့အထိ ယင်းမဟာဘူတ်၏ အဖွဲ့အစည်းဖြင့် သဏ္ဌာနပညတ် သဘောတူပါကလားဟူ တောက်လျှောက်ကြီး ဟင်းလင်း ထင်ဟင် သိမြင်မှုကို ဆိုလိုသည်။ ဤသို့မြင်သိနေမှ ပရမတ္ထသဘာဝကို သိမသာ အသိအမြင်ဟုခေါ်နိုင်ပေသည်။

(၈) ဤအပုဒ်ကား အလယ်လမ်း အကျင့်ကို ဗုဒ္ဓသိလေပြီ။ ထိုအလယ်လမ်း ကျင့်စဉ်သည်သာ အလိုအစဲ့ကုန်ရာ နိဗ္ဗာန်အစစ် ငြိမ်းရာအမှန်သို့ ရောက်ရာလမ်းတည်းဟု ဆိုခြင်းဖြစ်သည်။

(၉) ထိုလမ်းစဉ်၏ အကျင့်ကား ၈--ပါးသော မဂ္ဂင်၏ အကျင့်မြတ်ဖြစ်သည်။ ၎င်း ၈-ပါး၌ 'သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ,

သည် ပညာမဂ္ဂင်များ ဖြစ်သည်။ 'သမ္မဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ' တို့သည် အကျင့်သီလ မဂ္ဂင်များ ဖြစ်သည်။ 'သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ' တို့သည် ဘာဝနာ မဂ္ဂင်များ ဖြစ်၏။ ချုံးလိုက်သောအခါ ပညာ, သီလ, သမာဓိ ဟူသော သိက္ခာ ၃-ပါးအဖြစ်သို့ရောက်၏။

ဤအပုဒ်၌ သမ္မာသက်ပ္ပ ဟူသော မှန်သောတွေးတောမှု၏ အဓိပ္ပါယ်သည် အတော်လေးနက်၏။ မတွေးမတော မစဉ်းမစားဘဲ ဟောသံကြား ပြောသံကြား ဆရာပြော စာတွေ့တွေ့ကို အရမ်းလိုက်နာ ယုံကြည်ရန်မဟုတ်။ ဉာဏ်ထင်ထင် ရှေ့သွားရှု သဘောနက်နက်ပေါက်အောင် သိသော အသိမျိုးကို ရ ရန်ဖြစ်သည်။

ဤသို့သိရန်သည် အဟန့်အတားမရှိ အမှန်ကို အမှန်တိုင်း သိသည်အထိ လှတ်လှပ်လပ်လပ်ကြီး ကြံစည် စဉ်းစား တွေးတောခုံးဖြတ်ပိုင်ခွင့် ရှိသောပုဒ်ဖြစ်သည်။

အချို့က ပိဋကတ်ပါ ဟိုစာ ဒီစာတွေနှင့် စဉ်းစား တွေးတောမှုကို ချုတ်ချယ် ဘောင်ခတ် စည်းသတ် ချင်ကြ၏။ ဤသမ္မာသက်ပ္ပ ပုဒ်သည် ဤသို့ ချုတ်ချယ်လိုသော ဥပနိသျှဒ်တို့ကို ပြတ်ပြတ်ကြီး ပယ်ဖျက်လိုက်သော ဘုရားခွင့်ပြုချက် ဖြစ်သည်။ ယို့ကြောင့် လှတ်လပ်စွာ တွေးတော စဉ်းစား နိုင်၏။ နောက်ဆုံး သစ္စာကို ဆိုက်လျှင် ပြီးကြေးပင် ဖြစ်သည်။ ဗုဒ္ဓ၏ မှုမှန်လျှင် သစ္စာသည် ရှောင်၍ တိမ်း၍ မရ၊ ဒက်ထိကြီး ဝင်၍ တိုးမည်သာဖြစ်၏။

(၁၀) ဤအလယ်လမ်း အကျင့်ဖြင့်သာလျှင် ဗုဒ္ဓက တထာဂတေနှ ဟူသောပုဒ်ဖြင့် ကိုယ်တော်အား ကိုယ်စားပြု၍ အားလုံးကို သိမြင်ပြီး၊ သိမြင်တော်မူ၍လည်း အစဉ်ပါဒါန် အားလုံး ချုပ်ငြိမ်းစေခဲ့ပြီ ဟုဆိုလို၏။

(၁၁) ဤအပုဒ်မှစ၍ ဒုက္ခ သစ္စာ၏ အကြောင်းကို ဖွင့်တော်မူသည်။ "ပဉ္စဝဂ္ဂိတို့, ဒီလောကဟာ ဆင်းရဲတာ အမှန်ကွယ်." ဟု မိန့်တော်မူလိုရင်း ဖြစ်၏။

အခြို့သုတေသီများက "ဒုက္ခ" ဟူသော စကားကို "ဆင်းရဲ" ဟူသော အဓိပ္ပါယ်ဖြင့် ပြန်ဆိုခြင်းသည် ဒုက္ခ၏ အနက် အဓိပ္ပါယ်ကို ကုန်စင်အောင် မဆုံမိဟု ဆိုကြ၏။ ဤလောကကို ဆင်းရဲဟု အဓိပ္ပါယ်ကောက်သဖြင့် ဤလောက၏ သာယာရေးသည် မရှိ အားပ်ဘီသကဲ့သို့ ဖြစ်ကုန်သည်ဟု ရှင်းကြသည်။ ဗုဒ္ဓ၏ ဒုက္ခသစ္စာက ဆိုလိုရင်းသည် မပိုင်ခြင်း၊ မခိုင်မြဲခြင်း၊ မပြည့်စုံခြင်း၊ ပြောင်းလဲဖေါက်ပြန်ခြင်း စသော သဘာဝများရှိ၍ ဒုက္ခဟု ဆိုလိုခြင်း ဖြစ်သည်ဟု ပြောကြသည်။

သဘောမှန်မှာ ဤလောက,က ဆင်းရဲခြင်းမဟုတ်၊ မိမိတို့၏ ရုပ်နာမ်၌ ဖြစ်ပေါ်နေသော တဏှာ ကိုလေသာ ကသာလျှင် မတင်းတိမ် မရောင့်ရဲ မကြေနပ်တိုင်း လိုချင်ရာမဖြစ်တိုင်း ပတ်ဝန်းကျင် လောကကို ညှိုးမှုန်းနေခြင်းသာ ဖြစ်သည်။ ဤသည်ပင် ဒုက္ခဟု ခေါ်သည်။ အမှန်ကား ဒုက္ခသည် မိမိ၏သဏ္ဌာန် အတွင်းမှ တဏှာဖြစ်နေသော တရားသာဖြစ်သည်။ အပြင်လောကနှင့်

မဆိုင်ပေ။ အတွင်းတဏှာ ကိလေသာကို ကုန်အောင် ကင်းအောင် ပြတ်အောင် လုပ်နိုင်သူအဖို့ လောကကြီးသည် လောကုတ္တရာ အဖြစ်သို့ ပြောင်းလဲသွားသော ခံယူချက်ဖြင့် ငြိမ်းသောအဖြစ်သို့ ယခုပစ္စုက္ခဘဝမှာပင် ရောက်သွားနိုင်၏။

ထိုပုဂ္ဂိုလ်သည် ဤလောက အထဲမှာပင် အသက်ထင်ရှားရှင်လျက်နေရင်း အစဉ် နှစ်ချိုက် ကြေနပ်၍နေသော သူတော်စင် အရိယာအဖြစ်သို့ ရောက်သွားပေလိမ့်မည်။

ထို့ကြောင့် ဗုဒ္ဓရှင် ဆိုလိုသော ဒုက္ခသည် တဏှာ လွှမ်းနေသော ရုပ်နာမ်ကိုသာ ဆိုလိုရင်းဖြစ်သည်။ အပြင်လောကကို အဖြစ်တင်သော သဘောဖြင့် လောကကို ဒုက္ခဟုဆိုလို ဟောလိုရင်း မဟုတ်ပေ။

(၁၂) ဇာတိ-အဖြစ်သဘော၊ ဇရာ-ရင့်အိုခြင်းသဘော၊ မရဏ-သေခြင်းသဘောတို့သည် သဘာဝ ဒုက္ခမျှားဖြစ်၏။ ရုပ်နာမ် အဖြစ် သက်ရှိဘာဝ မှန်သမျှ ထိုသဘာဝ ဒုက္ခမှ ပြေးမလွှတ်ကြပေ။ ဂေါန် ကြုံဝဝ့ ကျရောက်မည့် ဒုက္ခဟု ဆိုလို၏။ အချုပ်အားဖြင့် ဇာတိပဗူသော အဖြစ်သဘောမှန်သမျှ အဖြစ်ဇာတိ စသည်နှင့် တပြိုင်နက် ဇရာ မရဏ တို့သည် မြေကြီး လက်ခပ်မလွဲ ဆက်၍ လာရပည်သာ ဖြစ်သည်။

အာသယ်သုံက နတ်အဖြစ်, ဗြဟ္မာ အဖြစ် ဟူသမျှမကျန် ဇာတိ ဟူသော အဖြစ်သဘောမှန်ချည်း စတင်ကြရသည်ဖြစ်ရာ၊ ဇာတိ စလျှင် ဇရာ ပရဏာသည် ပါရှိမည်ချည်းသာ ဖြစ်၍၊ ဒုက္ခ သစ္စာ

ချည်းဟု ဗုဒ္ဓအနေနှင့် သင်းတော်မူသည်။ ထို့ကြောင့် ၃၁-ဘုံ လုံးသည် ဒုက္ခ သစ္စာနယ်က တရားချည်း ဖြစ်သည်။ ဒုက္ခ သစ္စာ သည် ဗုဒ္ဓပယ်သော သစ္စာဖြစ်သည်ကို အထူးသတိထားကြရာ၏။ ဤဘုံဘဝ အစားစားကို ရည်မှန်းရ၍ ဆုပေး ဆုတောင်း လုပ်နေ ကြသော ကိစ္စမှန်သမျှ ဗုဒ္ဓနှင့် ဘာမျှမဆိုင်ချေ။

(၁၃) ဤအပုဒ်ရှိ အပိယေဟိ သမ္ပယောဂေါ, ပိယေဟိ ဝိပ္ပယောဂေါတွေ၏ အနက်သည် ချစ်သူ မချစ်သူ စသည်မဟုတ်၊ လိုချင်ရာမရ, မလိုချင်တာ ရနေကြရခြင်း ဟူသော အဓိပ္ပါယ် ဖြစ်၏။

ဤမလိုချင်တာ လိုချင်တာတွေသည် ကိလေသာ ပေတံနှင့် တိုင်းရှိ ပြောနေသော စကားများသာဖြစ်သည်။ အမှန်အားဖြင့် ထို အပိယေဟိ ပိယေဟိ ဒုက္ခမျိုးတွေကား ကိုယ်ရှာမှ ကိုယ်ဖြစ် သော ဒုက္ခမျိုးသာ ဖြစ်သည်။ အစကတည်းက ဘာမျှမလိုချင်သူ သည် ထိုဒုက္ခမျိုးနှင့် အလွတ်ကြီးဖြစ်၏။ ထိုကြောင့် ထိုဒုက္ခမျိုး သည် ပြုလုပ်သူ တောင်းတသူ မျိုးနှင့်သာ ဆိုင်သောကြောင့် သင်္ခါရဒုက္ခဟု ခေါ်၏။ လိုချင်တာ ရဇစကာမှ ကိလေသာတဏှာ နယ်တွင်းက ကိစ္စဖြစ်သော်၊ ဒုက္ခသည် ဒုက္ခသာ ဖြစ်သည်၊ သုခ ဟူ၍ မဖြစ်နိုင်ချေ။

(၁၄) သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိ-ဒုက္ခာ-အချုပ်အား ဖြင့် ကာမ ၅-မျိုးတို့၌ တွယ်တာစွဲလမ်းမှုသည် ဒုက္ခချည်းသာဟု ဆိုခြင်းဖြစ်သည်။ ဤနေရာ၌ ပိ-ဟူသော ပုဒ်သည် ဥပါဒါန် စွဲလမ်းမှု အစွဲကို ဆိုလို၏။

ရဟန္တာ အရိယာ စသူတို့၌လည်း မျက်စေ့, နား, နှာ, လျှာ, ကာယ, စသော ပဉ္စာဒ္ဒါယ အကြည်ရုပ် ၅-မျိုးရှိသည် မှန်၏။ သာမန်လူပုထုဇဉ်တို့ မြင်သလို ကြားသလိုချည်းပင် ဖြစ်သည်။ သို့သော် အစ္စဟူသော ဥပါဒါန်သည် အရိယာတို့၌ မကပ်မညှိ ကင်းပြတ်နေသောကြောင့်၊ဥပါဒါန်အစ္စမှကင်းသော ပဉ္စာရုံသာ လျှင် ဖြစ်ကြသည်။ ထို့ကြောင့် ဤလောကထဲ၌ပင် အသက်ရှိ အဖြစ်နှင့် ထိုထိုဒုက္ခတို့မှ ကင်းလွတ် ငြိမ်းချမ်းခြင်း ဖြစ်ကြလေ သည်။ ဤကား အဘိဓမ္မာ ဒုက္ခဟူ၍ ဖြစ်၏။

သို့သော် ပုထုဇဉ်တို့၌ သဘာဝ ဒုက္ခရော,သင်္ခါရ ဒုက္ခရော, အဘိဓမ္မာ ဒုက္ခရော အကုန် ဒုက္ခ စုစုပေါင်း ခံယူ စွဲလမ်း တွယ် တာနေကြရသည်။ ဤသည်ပင် ဒုက္ခဘုံ ဖြစ်နေခြင်းဖြစ်၏။ ထို့ ကြောင့် ဗုဒ္ဓက ဤအပုဒ်၌မှစ၍ ဒုက္ခသစ္စာကို သိကြဟု ဟော လိုက်ခြင်း ဖြစ်သည်။ ဤသို့ အသိမှန် သိသူသည် ဒုက္ခသစ္စာ ဒုက္ခ အဖြစ်မှန် သဘောကို သိသူမည်၏။

(၁၅) ယာယံတဏှာ-အကြင် အလိုဆာမှုသည် တောင့်တမှု ကြောင့်ကျမှု ကြောက်မှု မြောက်မှု တို့၏ လက်သည်ဖြစ်၏။ ဤ တဏှာသည် ဒုဒယ်ကြီးစွာ အုံ့ဖွဲ့လာသောအခါ ဥပါဒါန်တည်း ဟူသော အစ္စ ဗေလုံးသည် ကျကျနန်ကြီး တည်လေပြီ။ ထိုအခါ ဘဝ အဖြစ်နှင့် တကွသော ဘဝစည်းစိမ်ကို မက်မောစွာ တွယ် တာလာချေသည်။

(၁၆) ကာမတဏှာ–ကာမ ၅ မျိုးတို့ကို လိုလားနှစ်သက် ခြင်း၊ ဘဝတဏှာ– ဘဝအဖြစ်ကို တွယ်တာစွဲမက်ခြင်း၊ ဝိဘဝ တဏှာ– ဘဝ၏ ဂုဏ်ပကာသန စည်းစိမ်တို့ကို လိုလားခုံမင်ခြင်း

တို့သည် ဘဝအဖြစ်ကို လိုချင်ခြင်း တဏှာချည်း ဖြစ်၏။ ဤဘဝ အဖြစ်မှန်သမျှသည် ဇာတိမှ စသည်ဖြစ်ရာ၊ ဇရာ မရဏတို့သည် လည်း အမျှင်လိုက်တန်းခါ အစဉ် ပါလာကြမည်သာဖြစ်သည်။ ဤတဏှာအားလုံးတို့သည် ဗုဒ္ဓက ပယ်သတ်ရန် ညွှန်ပြသောတရား တွေ့ချည်းဖြစ်သည်။ သို့စင်လျက် အဘယ်ကုသိုလ် ဒါနသည် အ ဘယ်ဘဝ၌ အကျိုးပေးမြဲ မှန်မြဲတ်သော ဘဝသို့ ရောက်နိုင်သည် ဟူသော အယူသည် အစဉ်ပါဒါန် သင်းသော တရားမျိုးသာ ဖြစ်ရာ၏၊ ဗုဒ္ဓက အဘယ်ဘဝ အဖြစ်မဆို ဒုက္ခသစ္စာချည်းဖြစ် သည်ဟု ဤဓမ္မစက္ကြာတွင် ပြတ်သားစွာ အထင်အရှား ညွှန်ပြ လျက် ဟောခဲ့၏။

ထို့ကြောင့် ဤသံသရာတွင်းခ္ခသာ မပြတ်လည်နေသော ဘုံစင် စံအဖွင့် သံဝဏ္ဏနာတွေ့သည် ကာမကို ဒါနနှင့်လဲရန် သွေးဆောင် နေသော အမှောင်ဘက်သား အချောင်သမားတို့၏ အလိုသာ လျှင် ဖြစ်ချေသည်။ အကြောင်းမူကား— ဗုဒ္ဓ ပယ်ထားသော ဒုက္ခသစ္စာထဲသို့ မျက်စေ့ကို ဖျောင်သဲပက်ခါ တဖက်လှည့်ဆဲယူ သောကြောင့် ပေကည်း။

(၁၇) ဤသည့်ဒုက္ခ ကုန်ဆုံးချုပ်ငြိမ်းခြင်းသည် အမှန်ရှိ၏။ ချုပ်ငြိမ်းရန်ကား အခြားမဟုတ်၊ တဏှာကို စွန့်ပယ်လိုက်ရေးသာ ဖြစ်သည်။ အကြောင်းမရှိ တွယ်တာမှုဟူ၍ မြူမျှမကျန်အောင် စွန့် ပစ်လိုက်ရန် ဖြစ်သည်။

(၁၈) စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော—ဟူသည် ဟိုဘဝ ဒီဘဝ ထိုထိုဘဝ၏ စည်းစိမ် ဂုဏ်အရှိန်အဝါကို မြှော်မှန်း မက်မောနေသမျှသော တဏှာ အလိုတွေကို အားလုံး နည်းနည်း

မျှ မကျန်အောင် စွန့်ပစ်။ ဝန့်ပစ်ပြီးသည်နှင့် တပြိုင်နက် နည်း နည်းသော်မျှ ပြန်မကြည့်တန်း မစဉ်းစားတန်း အပြီးတိုင် စွန့် ပယ်လိုက်သော်၊ ဒုက္ခနိရောဓေ၊-ဒုက္ခငြိမ်း၍ သံသရာ ဇာတ်သိမ်း သည်ဟု ဆိုလို၏။

(၁၉) အယမေဝ အရိယော ဟူသောပုဒ်သည် အရိယာ သူမြတ်ကို ဆိုလိုသည်။ အနည်းငယ်ရှင်းရန်လိုမည်။ အရိယာ ဟူသည်– ရဟန်း သံဃာကိုမှ ခေါ်သည်မဟုတ်။ ဓမ္မပဒ၌ "အ လက်ကောင်ပ် စေသမံဓရေယျ- သန္တော ဒန္တော နိယတော ဗြဟ္မ စာရီ" ဟူသော ပါဠိသည် ပကတိ လူဝတ်ကြောင်ပင် ဖြစ်လင့် ကစား၊ ထိုလူပတ် လူစားနှင့်ပင် တည်ငြိမ်စွာကျင့်လျက် သတ္တဝါ အားလုံးတို့အား ' အကျိုးပျက်စီးအောင် ပြုလုပ်လိုမှု အားလုံးကို စွန့်၍ ကာမဂုဏ်အာရုံနှင့် မစပ်သော မြတ်သော အကျင့်ဌာရှိသည် ဖြစ်အံ့– ထိုလူဝတ်ထင်ရှားရှိနေသောသူသည် သမဏော·ရဟန်း ပင်တည်းဟု လာ၏။

နောက်ရှိသေးသည်။အဂုံတ္တိရ် ပါဠိတော် ဗဟုကာရ သုတ်၌ လည်း (၁) ရတနာ ၃·ပါး အစစ်ကို သိသူ။ (၂) သစ္စာ ၄· ပါးကို သိသူ။ (၃) ကိလေသာ အာသဝေါကင်းသူသည် သူ မြတ် ဟူ၍ခေါ်၏။ ယို ၃-မျိုးမှလွဲ၍ အခြားမည်သည့်အဝတ် ပင်ဝတ်စေ- ၎င်းတို့အား လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ အရိုအသေ ပြုခြင်း၊ မစ္စည်း ၄·ပါးဖြင့် ခြိုးမြောက်ခြင်းငှါ မထိုက်ဟု ဗုဒ္ဓ မိန့်တော်မူပျက် ထင်ရှားရှိသည်။ ၎င်းပါဠိတော် မြန်မာပြန် စာမျက်နှာ ၁၃၉-တွင် ကြည့်ကြလေကုန်။

မဇ္ဈိမနိကယ် မူလပဏ္ဏာသ စူဠအသ်ပုရသုတ် တွင်လည်း ကိုလေသာ ကုန်ရေး အားထုတ်မှုမရှိသူအား သက်နှံးဝတ်ဘါမျှ-ကျမ်းတတ်ခါမျှဖြင့် ရဟန်းဟု ငါမဆိုဟု ဗုဒ္ဓအဟောပြတ်သားစွာပါ၏။

ဤအမှတ် (၁၉) ပါ အပုဒ်တပုဒ်လုံး၏ ဆိုလိုရင်း အဓိက အဓိပ္ပါယ်မှာ ဆင်းရဲချုပ်၍ ဒုက္ခကုန်ရာ လမ်းစဉ်သည် အဂ်ါရှစ်ပါးနှင့်ပြီးသော မဂ္ဂင်သာဖြစ်သည်-ဟု ဗုဒ္ဓဟော ထင်ရှားပြတ်သား လျက်ရှိသည်။ ဤလမ်းစဉ်သည်သာ မဇ္ဈိမ ပဋိပဒါ လမ်းစဉ်အစစ် မြတ်သောအမှန် ဧကန်ဖြစ်သည်ဟု ရှင်းရှင်းကြီး ညွှန်ပြထားလျက် ပါလေသည်။

ပိဋကတ် အရပ်ရစ်ပါ သုတ်ပေါင်းများစွာတွင်လည်း ဤမဂ္ဂသစ္စာဝင်သော အဂ်ါ ၈-ပါးကိုသာလျှင် အယပ်ယပ်အကြိမ်ကြိမ် ရှုဒေါင့်အမျိုးမျိုး၊ အခြေအနေ အမျိုးမျိုး၊ ဇနရာဒေသအမျိုးမျိုးတွင် ဟောညွှန်တော်မူထားသည့် အကြိမ်ပေါင်းများစွာ တွေ့ရသည်။

သို့သော် ဗုဒ္ဓဝါဒီ အမည်ခံ သာသနာလောကတွင် ဝိသုဒ္ဓိမဂ်ကသာ လွှမ်းမိုးတွင်ကျယ်လျက်ရှိနေ၏။ ဝိသုဒ္ဓိ ၇-ဆင့်နှင့် ဥာဏ် ၁၀-မျိုးက ဗုဒ္ဓ၏ မဂ္ဂင်ကို အမျိုးမျိုးရှုပ်ထွေးစေလျက်ရှိသည်။ ရှင်းရှင်းဆိုရသော် ဝိသုဒ္ဓိမဂ်သည် ဗုဒ္ဓဟော မဟုတ်ချေ။

ဤပြဿနာသည် အရှေးကြီး ရေးမှ ရှင်းမည့်ကိစ္စဖြစ်၍ ဤမျှနှင့် စဉ်းစားရန် ချန်ခဲ့တော့မည်။

No. 10

(၂၀) ဒုက္ခ ဆင်းရဲခြင်းဟု သိရမည့် စာနှီးဖြစ်၏။ ဒုက္ခ သစ္စာ အဖြစ်ကို ပဌမ သိရမည့် စာနှီးဟုဆိုလို၏။ အထက် အမှတ်စဉ် ၁၁–၌ ပြောခဲ့သည့်အတိုင်း ဒုက္ခကို ဒုက္ခမှန်းသိလိုက်ကြဟု အသိဖြစ်ရုံ စျှေးဝင်လိုက်ခြင်း ဖြစ်သည်။ အပြင် သင်္ခါရ ဗဟိဒ္ဓလောကကို ဒုက္ခဟု မြင်ရန်မဟုတ်။ မိမိသဏ္ဌာန်၌ ဖြစ်နေသော ကိုယ်သာ တဏှာကသာလျှင် ဒုက္ခဟူ၍ ဖြစ်နေခြင်းကို "သိ" ဟု ဆိုလိုသည်။ ပရမတ္ထ သဘောတရားအရ အပြင်လောကနှင့် ခွဲခြားသိရန်သည် ဤပဌမ အဆင့်တွင် အရေးကြီး၏။ နောင် ရင့်ကျက်၍ အနတ္တဆိုက်သွားသော ဒုတိ အတွင်းအပြင် ဟူ၍မရှိ၊ ဒုက္ခပျောက်၍ တပြေးတည်း ရောစပ်သွားပေလိမ့်မည်။ ထိုအခါ အဗျာကတဓမ္မသဘော မုတ္တိ အနာလယော ဝိမုတ္တိရသ သဘောကို ဆိုက်မည်ဖြစ်၏။ ထို့ကြောင့် ပဌမ အဆင့်တွင် ခွဲခြား၍ သိဟု ဆိုလိုသည်။

(၂၁) စက္ခုဉာဏပါဒိ– မျက်စေ့ပွင့်လာ၏-ဟူသည် သာမန်လူတို့ မျက်မြင်မှ သေသေချာချာမြင်သော အသိမျိုးကို ဆိုသည်။ အသည်းနှလုံးသို့ ရောက်သွားသော အမြင်ဖြစ်၏။

(၂၂) ဉာဏံ ဉာဏပါဒိ– ဉာဏ်လင်းလာရန်သည် အသည်းနှလုံးမှ သိသောအသိကို လှန်ပြီးလျှင် ဦးဏှောက်သို့ ရောက်လာသော အသိကို ဆိုလိုသည်။ အဓိပ္ပါယ်မှာ အသည်းနှလုံးဖြင့် သိသော အသိသည် ကိုယ်သာနယ်ဝှင်းမှ မလွတ်သေးချေ။ အသည်းနှလုံးတွင် ရပ်နေသော အသိမျိုးသည် ဉာဏ်နှင့်ယှဉ်သော အသိမျိုး မပြစ်ပါနိုင်။ ကိုယ်သာတဏှာ အလိုကျသာ ဖြစ်

နေပေသေးသည်။ ထို့ကြောင့် ကိလေသာ စေရာကို လိုက်နေရ ရုံ သိသောအသိမျိုးတွင်သာ ရပ်တည်နေမည်စိုးရှိ ဥာဏ်ဖြစ်ပေါ် ရာ ဦးဏှောက်ထိ ထိုးဖေါက် အသိရောက်လာရန်လိုသည်။ အ သည်းနှလုံး အကြိုက်ကို လိုက်နေသမျှ အာသဝချည်းဖြစ်သည်။

(၂၃) ပညာဥဒပါဒိ–ပညာနှင့်ယှဉ်သော အသိဖြစ်ရန်သည် ဥာဏ်ဖြင့်ဝေဖန်သုံးသပ်ပြီးမှ တဆင့်တက်လာသော အသိမျိုးဖြစ် ရန် လို၏။ သို့မှသာ ပညာသိဖြင့် နားလည်လာမည့် ဖြစ်သည်။ သဘောမှာ ဦးဏှောက်၏ အခန်းကဏ္ဍ အမျိုးမျိုးရှိသည့်အနက် အတွင်းပိုင်း ဝေဖန်သုံးသပ်သည့် အပိုင်းသို့ တဆင့်ပို့ရှု သိခြင်း မျိုးကို ပညာသိဟု ခေါ်၏။ ဤပညာသိအဆင့်သို့ ရောက်လျှင် ပင် ဤလောက၏ အပြင်ဗဟိဒ္ဓအာရုံနှင့် အကွင်း အာရမ္မဏိက တို့၏ တိုက်ဆိုမှု အားလုံးကို ဉပေက္ခာ ပြုနိုင်စွမ်းရှိလာမည် ဖြစ် သည်။

(၂၄) ဝိဇ္ဇာဥဒပါဒိ– သိမှုအစစ် ပေါ်လာခြင်း ဖြစ်သည်။ ထိုဝိဇ္ဇာသိကား ထိုးထွင်းနက်နဲ၍ အပြင်နှင့်အတွင်း မခြား တ ပြေးတည်း ဆက်လာသော အသိမျိုးဖြစ်သည်။ အသွေးအသား နှင့် အစာသည် မခြား၊စားသော ထမင်းဟင်းနှင့်ပေါက်နေသော သစ်သီး သစ်ပင်တို့သည်လည်း မခြားနားတော့ချေ။ ခွေးနှင့်လူ သည်ရင်း၊ မိန်းမနှင့် ယောကျ်ားသည်ရင်း၊ ပုဂ္ဂိုလ်သတ္တဝါ၊ ခါ သူတပါး ယောကျ်ား မိန်းမဟူသမျှ အားလုံးကိုရင်း၊ ပညတ်သိ ဖြင့်သိသော အသိမျိုး လုံးပေျောက်သွားပြီး အားလုံး ဘူတခါတ် ကြီး ၄-ပါးသို့တိုင် ဆိုက်သွားသော ပရမတ်သိမျိုးဖြစ်သည်။ ရုပ်နာမ်သည်လည်း ခါတ်ကြီး ၄-ပါးနှင့် မကွဲမပြား တသားး

တည်း ဖြစ်သွားချေပြီ။ မည်သည့်အရာမျှ သီးခြားစီ မဟုတ်တော့ပေ။ ပြုပြင်ပြောင်းလဲနေသော သာခ်ါရလက္ခဏာ အရသာ သဏ္ဌာန်ပညတ်အနေမျှ ပုံစံကဲ့နေသည်မှတပါး ဤလောကသည် အခြားဘာမျှ အထူးမဟုတ် ဟူ၍ ပြတ်ပြတ်သားသား မူလဘူတကို ထိုးထွင်းရှာသိသော အသိမျိုးကို ဝိဇ္ဇာဝိုဟု ဆိုလိုသည်။ ထိုဝိဇ္ဇာသိသည် မိမိခန္ဓာကိုယ်အတွင်း၌ အာရုံယူသော အသွေးအသားအကြောမျှားသာမက အာရုံမယူဘဲ ဓမ္မတာ တာဝန်ကို ပြုပြင်ပြောင်းလဲ ဖန်တီးနေကြသော အတွင်းပိုင်း အသွေးအသားအကြော စသော ခန္ဓာပေဒဆိုင်ရာ အင်္ဂါအားလုံး၏ သဘောသတ္တိအားလုံးကိုပါ ထွင်းဖေါက်ပျံ့နှံ့၍ သိသော အသိဖြစ်သည်။

(၂၅) အာလောကော ဥဒပါဒိ– အလင်းရောင် ပေါ်လာသော အသိဟူသည် အကာအဆီး အပိတ်အဆို့ ဟူ၍ ဘာမျှမရှိ၊ တောက်ရှောက်ထုတ်ပေါက် ဒုံးလျှိုကြီး လျှောက်ခါ ဟင်းလင်းပွင့်၍ ကြည်လင်သွားခြင်းပင် ဖြစ်သည်။

ဤသည်ပင် သခ်ၨာတလောကမှ အသခ်ၨာတလောကသို့ ဤရုပ်ဤနာမ်အတိုင်း ဇုတ်တုတ်က ကူးပြောင်း ပွင့်ပေါက် အသိမှန်သဘာဝဓမ္မသို့ ရောက်သွားခြင်းဖြစ်သည် ဟူလို။

ဤသို့ သိမြင်မှုသည် အသည်းနှလုံးသို ဖြစ်သော သာမန်ကိလေသာသိမှ ဦးဏှောက်ရှိ ဉာဏ်ပိုင်းဆိုင်ရာသို့ ရောက်ခါ တဆင့်ပြီးတဆင့် ကူးရောက် သိမြင်သွားခြင်းဖြင့် ပညာပိုင်း ဝိဇ္ဇာပိုင်း အာလောကော ပိုင်းတို့မှ ပွင့်ထွက်လာသော အသိမှန်အစစ်ဖြစ်သည်။

ဤသို့ အဆင့်ဆင့် ပွင့်သွားရန်သည် ပဋ္ဌဒ္ဓါယတို့ကို လုံခြုံအောင် ထိန်းနိုင်ရန် အရေးကြီး၏။ ပဋ္ဌဒ္ဓါယ တည်းဟူသော အကြည်ပသာဒ ၅-မျိုးသည် မြင်သမျှ ကြားသမျှ တွေ့သမျှ ပဋ္ဌာရုံတို့အပေါ် ကိလေသာ အာသဝေါတွေ့ တစိမ့်စိမ့် ယိုစီးထွက်နေပါက ဥာဏ်သည်လည်း ဒုဒယ် အင်အား ကောင်းသော ဥာဏ်မျိုးအဖြစ် ကြီးထွား မြင့်မောက်လာရန် မဖြစ်နိုင်ပေ။

ဥာဏ်လုံးဥာဏ်ခဲ အင်အားမကောင်းကလည်း ပညာပိုင်းကို ကူးရောက်နိုင်မည် မဟုတ်၊ ပညာပိုင်းသို့ မကူးရောက်နိုင်လျှင်လည်း ဝိဇ္ဇာပိုင်းကို ရောက်နိုင်ရန် အဝေးကြီးဖြစ်ပေလိမ့်မည်။

သဘောရုံမျှ ဥပမာကလေး တင်ပါရစေ၊ ဘက်ထရီတခုသည် မီးတွေ့ နင်းဖွင့်၊ ဟွန်းကို အလကားနှိပ်ပစ် သို့မဟုတ် တနေရာရာက ရှော့ခ် ဖြစ်နေပါက မော်တော်ကား စက်နှိုးရန် မလွယ်အောင် အားပျက်နေတတ်သည်။ ထိုဘက်ထရီဖြင့် မီးဖွင့်လည်း တကယ် မလင်း၊ နီရုံမျှ အနိုင်နိုင် ရှိပေမည်။ စက်နှိုးလျှင်လည်း တဂီဂီ မြည်နေရုံမှတပါး စက်နိုးလာမည်မဟုတ်ဤအတိုင်းပင်ဦးလှောက် ရှိဥာဏ်အားသည် အင်ပီယာ ပြေ့ပြေ့မရှိလျှင် ဝိဇ္ဇာပိုင်းကို ရောက်အောင် ဥာဏ်အားက ထိုးဖောက်၍ အသိမှန်အစစ်ကို ရောက်မည်မဟုတ်ပေ။

ထို့ကြောင့် ယောဂီသည် ပဋ္ဌာရုံတွေ့နောက်သို့ တကောက်ကောက် ယိုစီး လိုက်နေသော အာသဝ ဟရားတွေကို ပိတ်ဆီးမပစ်နိုင်သမျှ အဘယ်နံရော အခါမျှ ဝိဇ္ဇာပိုင်းရှိရာ ဥာဏ်အဆင့်သို့ ပေါက်ရောက်နိုင်လိမ့်မည်မဟုတ် ဖြစ်သည်။

အာသဝ တရားဟူသည် ရေစီးကြောင်းဖြစ်သည်။ ထို ရေစီးကြောင်းကြီးမှ ယိုဖိတ်နေသော ကိလေသာက စေရာသွားနေရသော စိတ်သမားသည် ကိလေသာ တဏှာကာမဆိုင်ရာ စိတ်ကူးအကြံအစည်တွေကို အဆုံးတိုင် စွန့်ပစ်ပိတ်ဆို့ မပစ်နိုင်က ဉာဏ်၏ သမာဓိအား ပြေ့ပြေ့ဝဝ ဖြစ်လာရန် အခဲယဉ်းကြီးခဲယဉ်းလှ၏။ မပြည့်ဝဘဲ အားပျက်နေသော ဉာဏ်ကို အားကြီးသောဉာဏ် ဖြစ်လာရန်သည် အဘယ်ပါရမီ အဘယ်ကုသိုလ်ကိုမျှ အားကိုးနေ၍မရ၊ အာသဝတရားကို ပိတ်ဆို့ပစ်လိုက်ရန် စွမ်းဆောင်သူသည် ယခု သမာဓိအား ပြည့်လာသည်နှင့်တပြိုင်နက် ယခုလက်ငင်းပင် တချက်တည်း အာလောကော ဉဒပါဒိသွားပေလိမ့်မည်မှာ သေချာသည်။

ကုသိုလ်တကာတို့တွင် အာသဝတည်းဟူသော ကာမာသဝ ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့ကို ပိတ်နိုင်သောကုသိုလ်သည် အမြတ်ဆုံးကုသိုလ်တည်း။

ရှင်းလောက်ပါပြီ–ဆက်ဦးစို့....

(၂၆) ပရိညေယျန္တိ – ဒုက္ခကိုဒုက္ခအမှန်ပါကလား ဟုသိအောင်ပြုခြင်းဖြစ်သည်။ ဤတွင် သညာဝိပ္ပလ္လာသ အမှတ်မှား အမှတ်လွဲဖြင့် ထင်မြင်နေသော သဏ္ဌာနပညတ်၊လောက၏ ပုပ္ပ၎ရ၎ တို့ကိုသာမဟုတ်၊ မိမိ၏သဏ္ဌာန်ဟူ၍ ဖြစ်ပေါ်နေသော ရူပ်နာမ်ကိုပါ ဒုက္ခနှင့်မည်သို့ အကျုံးဝင်နေသည်ကို အဓိကထား၍သိရန်လိုပေသည်။

ဤပရိညေယျန္တို အဆင့်ကား ဒုက္ခသစ္စာ၏ ဒုတိယအမှတ်(၂) ခြင်းရာလက္ခဏာကို တကယ်သိအောင် ပြုရခြင်းဖြစ်သည်။ ဤတွင်လည်း စက္ခုံဥဒပါဒိ စသော ဥဒပါဒိ ၅–ဆင့်သို့ပေါက်အောင် ဉာဏ်ထင်ထင်ရောက်ရန်လိုသည်။ အားလုံးဉာဏ်စခန်း ဉာဏ်အလုပ်တွေ့ချည်းဖြစ်လာပြီ။

(၂၇) ပရိညာတန္တိ–ဤကားအမှန်ဒုက္ခပါကလားဟု ကေန်ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။ ဒုက္ခသစ္စာပိုင်းမှ တတိယခြင်းရာကို ကိစ္စပြီးခြင်းဟုဆိုလိုသည်။

(၂၈) ဒုက္ခသမุဒယံ–အရိယာသစ္စန္တို – အထက်ပါဒုက္ခသစ္စာ၏ခြင်းရာ လက္ခဏာ ၃–ပါးဖြင့် ကေန် အမှန်ထင်ရှားပြတ်သားစွား ဒုက္ခအစစ်ကြီးဖြစ်နေပါပေါ့ကလား။ ဖြစ်နေတာ အမှန်ပါကလား။ ဟုတ်ပါပြီ ဒုက္ခမှ တက္ခဲ့ဒုက္ခ ပါပေဘဲကိုးဟု ဥဒပါဒိ ၅– ဆင့်ထိ ပေါက်ရောက် ထင်းပေါက်သွား သော အသိဖြင့် သိပြီးသော ယောဂိပုဂ္ဂိုလ်အဖို့ ယင်းဒုက္ခသည် အဘယ်ကြောင့် ဖြစ်ပေါ်နေရသည်ဟူသော အရင်းအမြစ်ကို၊ သို့မဟုတ် ဒုက္ခ၊ဖြစ်ပေါ်ခြင်း အကြောင်းရင်းအမှန်ကို သိအောင် တဖန်လိုက်ရ ပေဦးမည်။ ဤတွင် အခြားမဟုတ် တဏှာ ကိုလေသာ ၃–ပါးသည်သာ ဒုက္ခ၏ အရင်းအမြစ် အကြောင်းရင်း အမှန်ဖြစ်နေ ပါကလား .... ဟူ၍အသိမှန်သို့ ဆိုက်ခြင်းပင်ဖြစ်သည်။

(၂၉) ဒုက္ခသမุဒယံ အရိယသစ္စ ပဟာတဗ္ဗန္တို = ဤဒုက္ခဖြစ်ပေါ်စေမှု၏ အကြောင်းရင်း အခြေခံ ဖြစ်သော တရားသည် ပဟာတဗ္ဗန္တိ–ပယ်ရ သတ်ရမည့် တရားတည်းဟု ဆိုလို၏။

သမုဒယသစ္စာပိုင်းမှ ဤဒုတိယခြင်းရာ အဆင့်ဖြစ်သော ပဟာတဗ္ဗန္တိ ပုဒ်ကို သေသေချာချာ ကြည့်ကြ သုံးသပ်ကြစေလို၏။

ဤပုဒ်အရ လူ၌ဖြစ်သော စည်းစိမ်ချမ်းသာ, နတ်၌ ဖြစ်သော စည်းစိမ်ချမ်းသာ ဟူသည်တို့ကို တောင့်တ မြော်မှန်းစေသော ဥပါဒါန်ဗေလုံးသွင်း အစဲတရား ဟူသမျှအားလုံးတို့သည် ဘာတို့ဖြစ်ပြီထင်သနည်း?

ထိုလူစည်းစိမ်ခံ နတ်စည်းစိမ်ခံ ဘဝအထွေထွေသည် အကယ်၍ ဖြစ်ညားသည်ပင်ဆိုဦးအုံ-ဇာတိ ဇရာ မရဏ စသော သဘာဝ ဒုက္ခနယ်မှ လွတ်ပါ၏လော-

မလွတ်သော ဘုံစဲ့ ဘဝစဲ့မှန်က ဒုက္ခသစ္စာ၏ ကြောင်းရင်းအခံ ဖြစ်သော သမုဒယ သစ္စာနယ်တွင်းသို့ ကျရောက်သည့်တရား ချည်းဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓသည် ဤသမုဒယနယ်အတွင်းသို့ ကျရောက်စေသော အစဲဥပါဒါန်တရား မှန်သမျှ အားလုံးကို တခုမကျန် ပယ်ရ သတ်ရမည့် တရားဖြစ်သည်ဟု ဤဓမ္မစကြာတွင် သမုဒယသစ္စာကိုဖွင့်၍ ပြတ်သားစွာ ဟောညွှန်တော်မူခြင်းဖြစ်သည်။ ဤသည်မှာ ပဟာတဗ္ဗန္တိ ပုဒ်ဖြင့် ထင်ရှား၏။

သို့ပါလျက် ဗုဒ္ဓသာသနာ ဟူသော ဗုဒ္ဓဝါဒနယ်တွင် ဗုဒ္ဓကိုယ်တော်တိုင်က ပဟာတဗ္ဗန္တိရန် အတိအလင်းဟောကြားချက်ကို ဆန့်ကျင်ကာ အစဲဗေလုံး ဥပါဒါန် တရားတွေက ဒုန္ဒင်ဒေး

တက်ခါ လှမ်းမိုး ချယ်လှယ်နေချေသည်။ ဒါန အကျိုးကျေးဇူး၊ သီလ အကျိုး ကျေးဇူးဆိုသော တမလွန် တရား ကာမာသဝ, ဘဝါသဝ တွေနှင့် ဆွယ်ခါမြောက်လိုက်၏။ ထိုထိုဒါနနှင့် သီလမှ မပါလျှင် သေခါမှ သိလိမ့်ဆိုသော ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝတွေနှင့် ချောက်လိုက် စသည်ဖြင့် အမျိုးမျိုး အမြောင်ဟိုက်ခါ အချောင်နှိုက် ခေါင်းပုံဖြတ်နေကြလေပြီ။ထိုတရားမျိုးတွေ အားလုံးသည် သမုဒယသစ္စာ ဒုက္ခ၏ ကြောင်းရင်း အမှန်တရား အစစ်ဖြစ်သည်ဟု ပြတ်သားစွာ အမှန်သိ အမှန်မြင်သူသည် ပုဟာတဗ္ဗန္တိ မည်၏။ လုံးဝ နောက်ပြန်မကြည့်၊ ပယ်စွန့်အပ်သော တရားဖြစ်သည်။

(၃၀) ပဟိနန္တိ– ဤပုဒ်၏ အဓိပ္ပါယ်မှာ ပယ်ပြီးခြင်းဟူ၍ ဖြစ်၏။ အဘယ်သို့ ပယ်ပြီးသနည်း။အထက်ပါ သမုဒယသစ္စာကို အမှန်အတိုင်း ဉဒပါဒိ ၅–မျိုးဖြင့် အကုန်သိအောင် ပြုသဖြင့် ပယ်လိုက်ပြီးပါပြီ ဟူလို။အကျယ်ကို စဉ်းစား နိုင်လောက်ပါပြီ။

ထို့ကြောင့် အထက်၌ ရှင်းခဲ့သော ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာ တို့သည် ဗုဒ္ဓ လက်ခံနှလုံးသွင်းသော သစ္စာ ၂-ပါးမဟုတ်၊ လောကီ သံသရာ သစ္စာ ဖြစ်၍၊ ပယ်ရမည့် သစ္စာ ၂-ပါးဟု ပြတ်သားစွာ သိရန် အထူးအရေးကြီးပေသည်။

ဒုက္ခသစ္စာ အမှန်ဖြစ်၏။ သို့သော် သိရမည်။ သိအောင်အားထုတ်ရမည်။ သိပြီးဖြစ်ရမည် ဟူ၍ အစပ် ၃-ပါးဖြင့်ရင်း၊နောက် သမုဒယ သစ္စာ ကိုလည်း ဒုက္ခ၏ ကြောင်းရင်းအမှန် ဖြစ်၏။ ထို ကြောင်းရင်းမူလကို ပယ်သည်။ ပယ်ရန်အားထုတ်သည်။ ပယ်ပြီး

ပြီဟူ၍ အစပ် ၃-ပါးဖြင့်ရင်း ပြီးမြောက်လာသူအဖို့ ရှေ့ဆက်၍ ကျင့်ဆောင်ရမည့် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ၂-ပါးကို ဆက်ပါတော့မည်။

(၃၁) ဒုက္ခ နိရောဓ အရိယာ သစ္စန္တိ–ဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရားဖြစ်သည်။ ဆင်းရဲရှိလျှင် ဆင်းရဲချုပ်ခြင်းလည်းရှိ၏ဟု ယူရ၏။ ဤသို့ယူမှ လောကုတ္တရာ ပရမတ္ထ သဘာဝ နည်းကျသည်။ ဆင်းရဲရှိလျှင် ချမ်းသာရှိရမည်ဟု မယူနိုင်၊ ယူသော် ဆင်းရဲချမ်းသာဟူသည် လောကီ ပညတ်တရား အဖြစ်သို့ ပြန်၍လည်လာမည် စိုးရသောကြောင့် ဖြစ်သည်။ လောကုတ္တရာအလိုကား ဆင်းရဲသည် ပြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဇာတိ ဇရာ မရဏမှ မလွတ်သမျှ ဒုက္ခ သစ္စာ ချည်းမည်၏။

ဒုက္ခချုပ်ငြိမ်းခြင်းသာလျှင် အသခ်ံတဘာဝ သန္တိသုခ နိဗ္ဗာန ခံါတ်ဖြစ်သည့် နိဗ္ဗာန်သို့ ပြောင်းသွားခြင်းသည် တမလွန်မှ ဖြစ်ခြင်းမဟုတ်၊ လောဘ, ဒေါသ, မောဟ စသော ကိလေသာ ၃-ပါး ကုန်စင်လျှင် အာသဝေါတရား ၄-ပါးလည်း အလိုလို ချုပ်ငြိမ်း ကုန်ခမ်းသွားမည်ဖြစ်၏။ ယင်းသို့ ကိလေသာကုန်၍ အာသဝေါတရားတို့ ခမ်းခြောက်သွားသော ရုပ်နာမ်သည် ရုပ်နာမ်ထင်ရှား ရပ်တည်လျက် လုံ့နှစ်စွာ ကြည်လင် ငြိမ်းဇ လွတ်မြောက်နေသူ အရိယာမြတ်ပင်ဖြစ်သည်။ နိဗ္ဗာန်၏ အဓိပ္ပါယ် အတိုချုပ်ကား " နိ=မရှိခြင်း၊ ဝါ– တဏှာကုန်စင်ခြင်းဟူ၍ ဖြစ်၏။ တဏှာကုန်လျှင် ကိစ္စ၏။

ထို့ကြောင့် ယခု တဏှာကုန်သွားသူသည် ယခုပင် နိဗ္ဗာန်၏ အမြှေ့ကိုသုခသို့ ရောက်ရှိ နေမည်သာ ဖြစ်သည်။ ဤသို့ ရုပ်နာမ် ထင်ရှား နိဗ္ဗာန ဓါတ်သားအဖြစ် ရပ်သွားသော ပုဂ္ဂိုလ်အား အနုပါဒိသေသ နိဗ္ဗာန်၌ ခိုလှုံသူဟု ခေါ်နိုင်၏။ သေခါမှ ဖြစ်သည်မဟုတ်၊ကိလေသာမြူမှု မကျန်သူသည် သုညတ ဆိုက်သူပင် ဖြစ်သည်။ သုညတ ဆိုက်သူ ဟူသဖြင့် ဘာမျှ မရှိသောသူ မဟုတ်၊ရုပ်နာမ်ထင်ရှားရှိသည်၊ သတိထင်ရှားရှိသည်၊ ဉာဏ်ထင်ရှားရှိသည်၊ ပညာထင်ရှားရှိသည်၊ ရှိသမျှ သူမတူအောင်ရှိ၏။

သုညတ ဆိုက်သည်ဆိုခြင်းမှာ တဏှာ ဥပါဒါန် အစဲ့အတွယ်ဟူ၍ မြူမျှမရှိအောင် သုညချည်း ကျန်နေခြင်းကို ဆိုလိုခြင်း ဖြစ်၏။ တဏှာအကြွင်းမဲ့ ကုန်ခြင်းကိုဆို၏။

ဤနေရာတွင် ဗုဒ္ဓနှင့် တကွသော သာဝက ရဟန်းကြီးများသည် ရုပ်နာမ်ထင်ရှား၊ သတိထင်ရှား၊ ဉာဏ်ထင်ရှား၊ ပညာထင်ရှားဖြင့် ဗုဒ္ဓဝါဒ, ဗုဒ္ဓသာသနာကြီးကို ပေါပြ ထူထောင်ချမှာ်တော်မူသွားကြပုံကို သတိပြုရာ၏။ တဏှာ ကိလေသာ အကြွင်းမရှိ၊ သုညချည်း ဖြစ်နေတော် မူကြသဖြင့်သာ လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသာနံ,သုခံ, ဒုက္ခံ, စသော သောမနသ ဒေါမနသ ဥပါယာသ သံဘဝန္တိ တို့မှလွတ်မြောက် ငြိမ်းတော်မူနိုင်ကြခြင်း ဖြစ်သည်ဟု သိရာ၏။

သို့သော် နိဗ္ဗာန်၏ အခြင်းပရာကိုတော့ မြင်ရသိရပြီ။နိဗ္ဗာန ဓါတ်သားအဖြစ်သို့ အလုံးစုံ မရောက်သေးသဖြင့်၊ ဥပါဒါန်အစဲ့ အနည်းငယ် (ဥပမာ-အသို့ပဟန) "ငါစဲ့" ဟူသော သဘော

လက္ခဏာ အနည်းငယ်ကျန်သူ ပုဂ္ဂိုလ်များမှာ သဉ္ဇပါဒိ သေသ နိဗ္ဗာန်သို့ မျက်မှောက်ပြုသူဟု ဆို၏။ အနုပါဒိသေသ နိဗ္ဗာန်မှာ အသို့မဟုတ်ပါကျန် ဥပါဒါန် တက္ခာကိလေသာ သုညအထိ ဆိုက်သွားအောင် အကြွင်းမရှိ ကုန်စင်သူမျိုးဆိုက်ရာ အန္တိမ အဆုံးစခန်းဖြစ်သည်။

ဤကား ဥဒါန်း ပါဠိတော်နှင့်အညီ နိုရောဓ သစ္စာ၏ သရုပ်ကို ဖော်ထုတ်ရခြင်းဖြစ်သည်။ နိဗ္ဗာန်၏ သဘောလက္ခဏာအဖွင့်များက ၄,၀-ကျော်မျှရှိ၏။ သို့သော် သဘော ပေါက်လောက်ပြီထင်ပါသည်။

(၃၂) ဒုက္ခနိရောဓံ အရိယသစ္စံ-သစ္ဆိ ကာတဗ္ဗန္တိ-ဟူသည် ဤ ဘုံပြိုမ်းမှု အမှန်ခံမှ သစ္စာကား မျက်မှောက်ပြုရမည့် တရားဟောင်းယူ နှလုံးသွင်းရမည့်တရားဟု ဆိုလိုသည်။ ဒုက္ခနှင့် သမุဒယ သစ္စာလို ပဟာတဗ္ဗန္တိ ဟု ပယ်ရသတ်ရမည့် တရားမဟုတ်သည်ကို သတိပြုပါလေ။

(၃၃) ဒုက္ခ နိရောဓံ အရိယသစ္စံ သစ္ဆိ ကတန္တိ-မျက်မှောက်ပြုခဲ့ပြီးလေပြီ။ ဤသည်လည်း ဒုက္ခဘုံပြိုမ်းခြင်းကို ဖြစ်ပြီးလေပြီ။ ဖြစ်ဟောင်းလည်း အားထုတ် ကျင့်သုံး၍ပြီးပြီဟု ဆိုလိုသည်။ ဤသို့ အားထုတ် ကျင့်သုံးရာ၌လည်း [illegible] ဥဒပါဒိ စသော ဥဒပါဒိ ၅-ဆင့် အကုန်လုံင်အောင် သိမြင်ထုတ်လျှောက် သဘောပေါက်ပြီးပြီ ဟူ၏။ အာလောကော ပုဒ်သည် ပေါ်ထင်ထင်ထင်ထင် သဘားအလိုးမရှိ ဒီးလျှိုထုတ်လျှောက် အသိဉာဏ် ရောက်ခြင်းဖြစ်သည်။

(၃၄) ဤအပုဒ်ကား မဂ္ဂင်ကို ပြန်၍ဖွင့်ခြင်းပင် ဖြစ်၏။ "ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စာ၏-ဆင်းရဲချုပ်ငြိမ်းလက်စသိမ်းရေးသို့ ရောက်ရာလမ်းစဉ် ဟူ၍ မြတ်သောအမှန် မဂ္ဂသစ္စာ ဖြစ်သည်ဟု ဆိုလို၏။

ဤနေရာ၌ မဂ္ဂင် ၈-ပါးအား ပညာ၊ သီလ၊ သမာဓိ ဟူ၍ သိက္ခာ ၃-ပါး ပိုင်းခြားခံယူ ကျင့်ဆောင်ခြင်း၌ သဘောပေါက်ရန်လို၏။ အမှန်ကား မဂ္ဂင် ၈-ပါးသည် သမ္မာဒိဋ္ဌိ အမြင်မှန် အယူမှန်ဆိုသော ဦးစီး မဂ္ဂင်ကပိုဒ်ကို ဥဒပါဒိ ၅- ဆင့်ပေါက်သည်နှင့် တပြိုင်နက် မဂ္ဂင်အားလုံး တချက်ထည်း ပွင့်လင်းအောင်မြင်သွားနိုင်၏၊

သဘောအားဖြင့် ဤရုပ် ဤနာမ်အစုဖြင့်သော ခန္ဓာ၌ကိန်းဝပ်ဟွယ်ကပ် စဲ့ညိုနေသော ဒုက္ခ သစ္စာသည်ရင်း၊ သမုဒယ သစ္စာသည်ရင်း၊ ယင်း ၂-ပါးလုံးအား နိရောဓဖြစ်အောင် ချုပ်ငြိမ်းသွားရေး အကျင့်ဖြစ်သော ဤမဂ္ဂင် ၈-ပါးကို သိရမည်၊သဘောပေါက်၍ ကျကျနန မြင်ရမည်ဟု ဆိုလိုသည်။

ဤ မဂ္ဂသစ္စာပါ မဂ္ဂင် ၈-ပါးသည် နိရောဓ နိဗ္ဗာန်ဖြစ်ရေးလမ်းစဉ် ဧကန်အမှန် ဖြစ်သည်။ အချောင်ထိုင်ပြီး ဆုတောင်းရုံ ဒါနကုသိုလ်မျိုး၊ သီလကုသိုလ်မျိုး သက်သက်မျှနှင့် ရမရ, ဖြစ်မဖြစ် စဉ်းစားရန်လို၏။ ဗုဒ္ဓသည် သန္ဓိဋ္ဌိကဓမ္မ မဖြစ်က ဆုပေးရိုး မရှိ။

သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ မဂ္ဂင် ၂-ပါးသည် အားထုတ် ရှာဖွေ လေ့လာ သုံးသပ်မှု တစုံတရာမပါ၀ဲ၊ ဆုတောင်းသူက တောင်း

ပြီး ဆုပေးသူကပေးရုံမျှနှင့် ရစတန်း မဂ္ဂင်မျိုးလေလော့ "သိရပါလို၏ သိရပါလို၏" ဟု ကမ္ဘာ ၁၀၀- ဆုတောင်း နေစေဦး၊ မလေ့လာ မသုံးသပ်လေသမျှ အဘယ်နံရောအခါမျှ သိနိုင်သောတရား မဖြစ်နိုင်ချေ။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ တို့သည်လည်းသာ မန်သီလမျိုး မဟုတ်၊ ဟိုဘဝ-ဒီဘဝ ကောင်းစားရေး ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ စသော တဏှာကြီး ၃-မျိုးမှ လွတ်ရန် နိရောဓသစ္စာသို့ ဦးတည်ရှေ့ရှုသော တကယ့်သီလမျိုးနှင့် စောင့်ထိန်း ပြုလုပ် အားထုတ် ကျင့်သုံးနိုင်ရန် အရေးကြီး၏။

ဒီလို ကြေးစည်သံ သာသာမျိုးလျှမ့် နောက်ဘဝ အသံကောင်းကောင်းနဲ့ အဆိုကျော်ဖြစ်မှာပေါ့ တကာမလေးရဲ့"ဟု ပြောလို့ အဟုတ်မှတ်လုပ်တိုင်း သမ္မာကမ္မန္တ မဟုတ်၊ ထိုဟာမျိုး လုပ်လျှင် ဘုရားဗုဒ္ဓရှင် ပယ်စွန့်ရန် ဟောညွှန်ထားသော ဒုက္ခသစ္စာထဲ ပြန်လည်မည့် ဒုက္ခ ကမ္မန္တမျိုးသာ ဖြစ်မည်သေချာ၏။

သမ္မာကမ္မန္တ အစစ်သည်ကား နိရောဓသစ္စာတည်း ဟူသော ဒုက္ခငြိမ်းရာကို ရှေ့ရှု ကျင့်ဆောင်ရမည့် အလုပ်မျိုး ကိုသာ ဆိုလိုသည်။ သမ္မာဝါစာ, သမ္မာအာဇီဝ တို့သည်လည်း ထို့အတူ နိရောဓသစ္စာ ပန်းတိုင်ကို မျက်ခြေပြတ်၍ မရပေ။

ကျန် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တို့သည်လည်း အခြောင်ထိုင်နေရုံနှင့် ဘယ်လိုမျှရနိုင်သော သမာဓိမျိုး မဟုတ်ပေ။

မဂ္ဂသစ္စာကို သေသေချာချာကြည့်မှ ကာမဘဝစရ ကုသိုလ် အကုသိုလ်များ အလှူဒါနများ ဆုတောင်း ဆုပေးများဖြင့် ဘာတခု မျှ အချောင် ဖလှယ်၍မရနိုင်သည်ကို သေသေချာချာ သိကြပေ လိမ့်မည်။ ဤတချက် မျက်စေ့လယ်လျှင် ကွက်ကနဲ အမဲမီ သွားမည်။

ဗုဒ္ဓ၏ အတ္တာဟိ အတ္တနောနာထော ကိုယ့်အားကိုယ် ကိုးရေး ဥပဒေသ သည်၊ ဤမဂ္ဂင်စခန်းတွင်မှ ဝင်းကနဲ ဒင်းကနဲ နေအောင်မှန်နေသည်ကိုတွေ့ရသည်။ မလုပ်ဘဲ မကျင့်ဘဲ အား မထုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ မဟုတ်ဘဲ ဘာမျှမရ။

မဂ္ဂင်၏အဖွင့်ကိုမူ ကျွန်ုပ်ရေးခဲ့သော ဗုဒ္ဓဝိပဿနာတွင် အ ကျယ်ပါပြီဖြစ်၍၊ ဤနေရာတွင် သဘောရရုံ မျှသာ ရှင်းခဲ့ပြီ။

အချုပ်အားဖြင့်ကား ဗုဒ္ဓဝါဒ၏ အန္တိမ ပန်းတိုင်သည် ဘုံစင် စံရေးမဟုတ်ချေ။ ကိလေသာ အာသဝေါတရား ကုန်ရာ နိဗ္ဗာန် သာဖြစ်သည်။ ဤအချက်ကို ဗုဒ္ဓရှင်သည် ပိဋကတ်အရပ်ရပ် သုတ် ပေါင်းများစွာတွင် အကြိမ်ပေါင်းများစွာ ဖွင့်၍ မဂ် စခန်း ဖိုလ်စခန်း သက်သက်မှတပါး ဘေးသို့တချက်မျှ ကွေ့မထွက် အောင် အထပ်ထပ် ဟောညွှန် သတိပေး တော်မူခဲ့သည်။

သီလကွဲ့ပါဠိတော် ဗြဟ္မဇာလ သုတ်တွင်ကား မဂ် ဖိုလ် အ လို့ငှါ ဆွေးနွေးမှု ဟောပြောမှုမှတပါး၊ အခြားသော အရပ် စကား ရှာစကား လူ့အလို လိုက် လူ့အကြိုက် စကားများ ပြောရှိဟောရှိ ကိုယ်ကျိုးရှာမှု ပြုသူမှန်သမျှ ဗုဒ္ဓနှင့် ဘာမျှ မဆိုင်ဟု ရှင်းရှင်းကြီး ဟောညွှန်ခဲ့သည်ကို တွေ့ရ၏။

ဗုဒ္ဓဝါဒီအစစ်၏အပြောအဆို အမူအရာ လက္ခဏာသွင်ပြင်သည် အလွန်သိသာ၏။ မြင်ရုံနှင့်ထိုင်ချပြီး ဦးခိုက်ချင် လောက်အောင် အလွန်ကြည်ညိုဘွယ်ဖြစ်သည်။ ထ ရိုက်ချင်စရာဟူ၍ တက္ခက်မျှ ရှာမတွေ့နိုင်ပေ။ ထို့ကြောင့်လည်း ဗုဒ္ဓ သာသနာတော်ကြီး သည် ကမ္ဘာအရပ်ရပ် အဘယ်နေရာတွင်မျှ ရန်စောင် ခိုက် ရန်မှု တစုံတရာမတွေ့ရဘဲ တစိမ့်စိမ့် ပြန့်ကား ကျယ်ပြား၍ သွား နိုင်ခြင်းဖြစ်ပေသည်။

(၃၅) ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ "ဘာဝေတဗ္ဗန္တိ" အားထုတ်ကြိုးပန်း လုပ်ရန်သာ ဖြစ်သည်၊ ဆိုသောစကားသည် အထက်က ရှင်းခဲ့သည့် အတိုင်း အချောင်မှန်းပြီး အချောင် ကြံစည်၍ အချောင်ဖြစ်ရန် ဘာမျှမရှိဟူသော အချက်ကို ထပ် ၍လေးနက်စေခြင်းသာဖြစ်၏။ အဓိပ္ပါယ်ကား ရှင်း၏။ "အား ထုတ် ကြိုးပန်းလုပ်ရန်သာ ဖြစ်သည်"။

အားထုတ် ကြိုးပန်းရမှာတွေ့ကား မနည်းပေ။ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ စသော ပဟာတဗ္ဗန္တိ– စွန့်ပစ် ပယ်သတ်ရမည့် တရားမျိုးတွေ့ကိုမှ ဆောင်ယူလိုက်နာ ကျင့်သုံးနေကြရသော အမှားပေါင်း သိန်းသန်းမကတွေ့ပါ ပါ၏။

ဤမျှ သိန်းသန်းမက အစဉ်ဟောင်း အယူမှားတွေ့ကို ပထမ စွန့်လွှတ်နိုင်ပါမှ သမ္မာဒိဋ္ဌိ ဦးစီးသော မဂ္ဂင်ဆယ်သို့ ဦးလှည့် နိုင် ပေမည်။ ထို့နောက် ဥဒပါဒိ ၅-ဆင့်တိုင် ပေါက်အောင် အား ထုတ်ကြိုးပန်းရမည့် ကိစ္စကား မည်သည့် အချောင်သမား လူတန်း စားနှင့်မျှ မအပ်စပ်၊ ကိုယ့် အားကိုယ်ကိုး သူတို့၏ အလုပ်သာ ဖြစ်ချေသည်။

အမှန်အားဖြင့် အပြင်လောကနှင့် ဘာမျှ မဆိုင်ပေ။ အပြင်လောကသည် သခ်ါရဓမ္မထုံးစံအတိုင်း သူ့သဘာဝနှင့် သူ့သတ္တိ သူဆောင်၍ ဖြစ်ချည်ပျက်ချည် ကျင်လည်နေခြင်းသာ ဖြစ်၏။ ကောင်မကလေးတို့သည် သူ့မြေးမည့်မိဘရှိ၍ မြေးလာပြီး၊ အစာရေ လေ တို့၏ အဝင် အထွက်ကိုမှီခိုခါ သူ့ဟာသူ လူလားမြောက်လာကြခြင်းသာ ဖြစ်သည်။ ကိုယ့်ကိုလည်း ဘယ်နှယ်မှလာ၍ ပြုလုပ်ကြသည်လည်း မဟုတ်။ လက်ယပ် ခေါ်ယူနေသည်လည်းမဟုတ်။

သို့စင်လျက် မိမိရုပ်နာမ်၌ တွယ်ကပ် ဖြစ်လာသော တဏှာကိလေသာကသာ ထိုထိုအပြင် ဗဟိဒ္ဓက အဆင်း အနံ့ အရသာ အထိ အတွေ့ကို အလိုဆန္ဒဖြစ်ခါ ဆာလောင် သွေးကြွလာခြင်းသာဖြစ်သည်။ ဤသည်ပင် သမုဒယ သစ္စာ ဟူသော တွယ်တာမက်မောမှု အကြောင်းခံကြောင့် အထင်မှားပြီး ဒုက္ခသစ္စာ ကောင်ဖြစ်ခါ ကာမာသဝရေယာဉ်ကြောသို့ ဇာတ်မြောသွားရခြင်းသာဖြစ်သည်။ သမုဒယတဏှာ၏ သဘောသည် ဆဲ့ဆောင်ခြင်းသာမဟုတ်၊ တွန်းကန်ခြင်းလည်း ဖြစ်စေသေး၏။

ဤသို့ဖြင့် ကောင်ကလေး တွေနှင့် ကောင်မလေး တွေ၏ ဇာတ်လမ်းတွေသည် အင့ိုက် အကြိုက် အရှိုက် အလွမ်း အသော တွေနှင့် ဤသံသရာတွင်းဝယ် ပွင့်လန်းစိုပြေသော ဒုက္ခဥယျာဉ်ကြီးအဖြစ် ထူထောင် ဖြစ်ပျက် သေကြေ ပျက်ပြုန်းမဆုံးကျင်လည် နေခြင်းသာ ဖြစ်သည်။ သဘာဝမမ္မ၏ ဝှက်ထားသော နိယာမတရားကား မျိုးဆက်ပြန့်ပွားနေစေရေး သည်သာ အဓိကဖြစ်သည်။

စေ့စေ့တွေးလျှင် မိမိတည်းဟူသော ရူပ် နာမ် ကိုယ်တိုင်ပင် ယင်းသမုဒယသစ္စာကြောင့် ဒုက္ခသစ္စာကောင် တကောင်အဖြစ် နိယာမရောက်နေသည်မဟုတ်ပါလော ။

ဤသည့် ဒုက္ခသစ္စာနယ်မှ ထွက်ရန်သည် အခြားမဟုတ် ။ ဒုက္ခသစ္စာကို ဖြစ်စေသော သမုဒယသစ္စာ၏ အကြောင်းရင်းကိလေသာ ဥပါဒါန်ကို ရိုက်ချိုးဖျက်ဆီး စွန့်ပစ်လိုက်ရန်ပင် ဖြစ်သည် ။ ဤသို့ ရိုက်ချိုး ဖျက်ဆီး စွန့်ပစ်နိုင်ရန်သည် မှားနေသော ဇရလိုက်လဲနေသော ဥပါဒါန် ဝိပ္ပလ္လာသ အထွေထွေကိုဖယ်ရှားရ၍ အမှန်ကိုအမှန်အတိုင်း သိအောင် မြင်အောင် ရဲရဲကြီး မင့်တန်း မညှာတန်း ကြည့်ရ ဆုံးဖြတ်ကြိုးပန်းရန်သာ လျှင်ဖြစ်သည် ။

ဇင်းကား မဂ္ဂင်ရှစ်ပါး တည်းဟူသော မဂ္ဂသစ္စာ လမ်းစဉ်သာတည်း ။ ဤသည်ပင် မဂ္ဂသစ္စာ၏ အလုပ်မှန်ဖြစ်သည်။ ဗုဒ္ဓ၏ တခုတည်းသော အင်္ဂါရှစ်ပါး လမ်းစဉ်လည်းဖြစ်သည် ။ အခြားမဂ် မဟုတ် ။

(၃၆) ဘာဝိတန္တိ – ဟူသည်ကား အထက်အပုဒ် ၃၅– ပါသဘောအတိုင်း အားထုတ်ကြိုးပန်း၍ ပြီးမြောက် သွားခြင်းကိုဆိုလိုသည် ။ မဂ္ဂသစ္စာ၏ အပြီးမှန် ဖြစ်၏ ။

(၃၇) ဤအပုဒ်၏ ဆိုလိုရင်းမှာ သူ့အတိုင်းပင် အတော်ရှင်းပြီးဖြစ်ပါသည်။ ဗုဒ္ဓသည် သဗ္ဗညုတညာဏ်ရှိဟု ဤလောကသို့ လက်ညှိုးထောင်ခါ အမှောင်ကိုခွင်းရ၍ တလင်းတရားကို ကြွေးကြော်နိုင်သည်မှာ အခြားမဟုတ်၊ ဤသစ္စာ ၄-ပါး တရားသာ

လျှင် အရင်းခံ ပဓာနဖြစ်သည်။ ထိုသစ္စာ ၄-ပါးကို အစပ် ၃-ပါးစီနှင့် ခြင်းရာ ၁၂-ပါးအကုန် စက္ခုဉာဏပါဒိ,ဉာဏဉပါဒိ ပညာ ဉာဏပါဒိ, ဝိဇ္ဇာ ဉာဏပါဒိ, အာလောကော ဉာဏပါဒိ စသည် မဖြစ်နိုင်ခင်က ဘုရားဖြစ်ပြီဟု မကြွေးကြော် နိုင်သေး-ဟူ၍ ဖြစ်၏။

(၃၈) အထက်အပုဒ် ၃၇ အတိုင်းပင် ဖြစ်သည်။ သို့သော် ဃဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ စသော စကားများ ပါနေသည်ကိုမူ အနည်းငယ် စဉ်းစားစရာရှိ၏။ ဤစကားပါ ပညတ်ဝေါဟာရတို့သည် ဗုဒ္ဓကိုယ်တိုင် နောက်ပိုင်း၌ ဟောသော အဂုံတ္ထိုရ်ပါဠိတော် ဒေဝလောကသုတ်-ပါ စကားနှင့်မစပ်မိ မဟပ်မိဖြစ်သည်။

တခု စဉ်းစားရန်ကား ရှိ၏။ ၎င်းမှာ ဗုဒ္ဓမပ္ပင့်မှီ ခေတ်သည် ထိုထိုဗြဟ္မာတွေ နတ်တွေကို အလွန် အယူအစဲ့ ပြင်းထန်သော ဗြဟ္မဏဝါဒ ထွန်းကားသော ခေတ်ဖြစ်သည်။ မဟာဗြဟ္မဏကို ယုံကြည်ကိုးကွယ်သောကြောင့်ပင် ဗြဟ္မဏဝါဒဟူ၍ရင်း၊ ဗြဟ္မဏ မျိုးဟူ၍ရင်း ပေါ်ထွန်းပြီး ဖြစ်နေရာ၊ ယင်းပဋ္ဌမဝါဒ် တရားဦးစ၍ နှာယူကြရသော ကောဏ္ဍည စသော ပုဂ္ဂိုလ်တို့သည်ပင် ဗြဟ္မဏဝါဒီ အနွယ်များ ဖြစ်ကြလေသည်။

ဗုဒ္ဓသည် ဤအချက်ကို ဆန့်ကျင်မှုမှ ကင်းစိမ့်သောဌာ ပညတ်ဝေါဟာရရှိပြီး စကားအတိုင်း ထည့်သွင်း ဟောလိုက်ခြင်းလည်း ဖြစ်တန်ရာ၏။ အခြားတနည်း စဉ်းစားရန်မှာ သံဂါယနာတင်

ချိန် တချိန်ချိန်က ဗုဒ္ဓဝါဒီတို့က ပြဟ္မဏစ္စတို့၏ အလိုကို လိုက်လျောချီ ထိုပုဒ်များ ထည့်လိုက်ဟန်ရှိသည်ဟုလည်းယူစရာရှိသည်။ သို့သော် ဗုဒ္ဓ၏ မူလ သစ္စာနှင့် မဂ္ဂင်တရားတော်များကိုမူ ထိုပုဒ်ပါ ဝေါဟာရများက တစုံတရာ အနှောင့်အယှက် မဖြစ်ပေ။

(၃၉) ဤအပုဒ်၏ ဆိုလိုရင်းမှာ သစ္စာ ၄-ပါး သိသောအခါ မှ ဘုရားဟူ၍ ကြေညာနိုင်သည်ဟု ဗုဒ္ဓဝန်ခံထားတော် မူချက်ကို ပေါ်လွင်စေလိုရှိပြီးဖြစ်၏။

ထို့ကြောင့် အချို့သော ဗုဒ္ဓဝါဒီအခေါ်ခံ အစောင် များ များ ယူဆသကဲ့သို့ဌင်း၊ ခွဲထွင် ဝင့်ကြွားလိုရှိရင်း၊ အခြားအခြား သော တန်ခိုးတော် ဂုဏ်ပါဒိတော် ဘုန်းတော် ကံတော်တို့ကြောင့် ဗုဒ္ဓသည် ဘုရားဟူ၍ တန်ခိုးတော်ရှင် အနေဖြင့် ပွင့်လာခြင်း မဟုတ်။ သစ္စာ ၄-ပါး တရားတော် သက်သက်ကြောင့် သာလျှင် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတညာဏ်ရှင် ဘုရားသခင် ဖြစ်ရသည်ဟူသော အချက်ကို လေးနက်စေလိုသဖြင့် အနည်းငယ် ထောက်ညွှန်းလိုက်ရခြင်းသာ ဖြစ်ပါသည်။ ရှင်းရှင်းဆိုရသော် ဗုဒ္ဓသည် ဘာတန်ခိုး ကြောင့်မှ ဘုရားဖြစ်လာခြင်းမဟုတ်။ သစ္စာ ၄–ပါးကြောင့်သာ ဘုရားဗုဒ္ဓဟူ၍ ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်၏။

(၄၀) ဉာနဋ္ဌ ပနမေ အစချီ ဤတပုဒ်သုံး၏ လိုရင်းကား ဗုဒ္ဓ၏ ဉာဏ်အမြင်ပေါက်မှုသည် ဥပါဒါန် ရုပ်စု ပညတ်လောက သဏ္ဌာနရုပ်စု ကိုဠာသာ ချေ့နဲ့နဲ့ ချာစ္စာ ရပ်ဝန်းရှိရသော လောဓီ အသိမျိုးမဟုတ်။ ထိုထိုလောကီ သဘာဝအသိမျိုးထက် လွန်ပြောက်၍ သိသော သဗ္ဗညုတ ဉာဏ်သိမျိုး ဖြစ်သည်။

ထို့ကြောင့် အရာခပ်သိမ်းကို အတားအဆီး အခုအခံ တစုံတရာ ကမ္ဘ မဟန့်တားနိုင်အောင် အမှန်ထုတ်လျှောက် ဒိုးလျှိုပေါက် သိမြင်သော အသိမျိုး ဉာဏ်မျိုးကိုရပြီ၊ အတားအဆီးမှန်သမျှ တို့အား တွန်းလှန်ခွါချ၍ အမှန်ကိုအမှန် သဘာဝဓမ္မအတိုင်း မြင်နေပြီဖြစ်၍ ပြကတေ့ လွတ်လပ်စွာ ရပ်တည်နိုင်ပြီ။ ဤယခု ရုပ်နာမ် အဖြစ်၏ နောက်ဆုံးအဖြစ်မှတပါး နောက်တဖန် ပြန်၍ ရုပ်နာမ်အသစ် ဖြစ်စရာမရှိအောင် ကင်းလွတ်စင်ကြယ်ပြီဟု ကြေ[redacted]သာတော်မူခြင်းဖြစ်သည်။ ဇာတိကုန်လျှင် ဇရာ မရဏ တို့လည်း ဖြစ်စရာအကြောင်း မရှိတော့ပေဟု ဆိုလို၏။

(၄၁) နတ္ထိ ဒါနိ ပုနဗ္ဘ ဝေါတိ–ဟူသည်ကား ဒုက္ခသစ္စာ၏ နယ်ဖြစ်သော ဘဝသစ်ဖြစ်ရေးကုန်ပြီ၊ ဤသည်ပင် နိဗ္ဗာန်သစ္စာ သို့ ကောင်းစွာ ဆိုက်ရောက် ငြိမ်း လွတ်လပ်သွားတော်မူပေပြီ ဟု ဆိုလိုသည်။

နိဂုံးတွင် ဓမ္မစကြာကို ချုပ်လိုက်သောအခါ အောက်ပါ အချက်များကို ပြတ်သားစွာ တွေ့ရမည်ဖြစ်၏။

(၁) ဗုဒ္ဓသည် အတိတ်နှင့် အနာဂတ်ကို တလုံးတပါဒမျှ ထည့်၍မဟောပေ။

(၂) ဗုဒ္ဓသည် ပစ္စုပ္ပန် ဆတ်ဆတ် ကိုသာ ရပ်တည် ကိုင်စွဲ တော်မူကြောင်း ထင်ရှားသည်။

(၃) ဟိုဘဝ ဒီဘဝတွေကို ရည်မှန်းသော် ဘဝတဏှာဟူ၍ ရှိ၊ချတော်မူသည်။

(၄) ဒုက္ခ၏ ကြောင်းရင်း သမုဒယ သစ္စာနယ်သား တဏှာ ကိလေသာကို အကြွင်းမရှိ ပယ်သတ်သူသည် အကြွင်းမဲ့ လွတ်မြောက်သူ ဖြစ်သည်ကို ပေါ်လွင်စေသည်။

(၅) ကိလေသာ တဏှာမှ ပြတ်သူသည် ဒုက္ခအားလုံးမှ ကင်းငြိမ်းခြင်းဖြစ်သည်။ ဤသည်ပင် အယမဋ္ဌိမာ ဇာတိ အဖြစ် နောက်ဆုံးဟည်းဟု ဟောခဲ့သည်။

(၆) ယခု သစ္စာ ၄-ပါး၏ ဘောင်အတွင်း ဦးသာ ဗုဒ္ဓသည် သန္ဓိဋ္ဌိက ဓမ္မဂုဏ်နှင့်အညီ တရားတော်များကို ဟော်တော်မူခဲ့သည်။

(၇) သစ္စာ ၄-ပါးအနက် ဒုက္ခနှင့် သမုဒယသစ္စာ ၂-ပါးသည် ဗုဒ္ဓ စွန့်ပယ်သော သစ္စာသာဖြစ်၏။

(၈) နိရောဓနှင့် မဂ္ဂသစ္စာ ၂-ပါးကိုသာ ဗုဒ္ဓလက်ခံသည်။

(၉) သစ္စာ ၄-ပါးမှ လွတ်သော တရားတို့သည် ဗုဒ္ဓဟော မဟုတ်၊ ဗုဒ္ဓ သာသနာမဟုတ်။

ဤ ၉-ချက်ကို အခိုင်အမာ ထောက်ကူသော သုတ်ပေါင်းများစွာ ပိဋကတ်အရပ်ရပ်တွင် အနှံ့ပါ၏။ သို့သော် အချောက်အမြောက် အကြောက် အမြော်တွေ့လည်း အနှံ့ညှပ်၍လည်း ရှိပြန်သည်။

ဘယ်သင်း ဗုဒ္ဓဟော အစစ်ဖြစ်သည်ကို သိရန် ဤဓမ္မစကြာဖြင့် တိုက်၍ယူသော် မခက်ပေ။

အနတ္တ ရှင်းတမ်း

ဗုဒ္ဓရှင်သည် ဓမ္မစက္ကြာ တရားတော်ပါ သစ္စာ ၄-ပါးကို ၅-ရက်ကြာမျှ မရပ်မနား ဟောကြား ဖွင့်ဆိုတော်မူသောအခါ၊ နာကြားသူပုဂ္ဂိုလ်များသည် ဤသံသရာမှ လွတ်မြောက်ငြိမ်းချမ်းရေးကို ရှေ့ရှုကြကုန်သည်။ အားစိုက်ကြကုန်သည်။

သို့ရာတွင် ဗုဒ္ဓ မပွင့်ပေါ်မီ ဘဝတ်ဟောင်း အစဲဖြစ်သော "အတ္တ" ဟရားက လုံးဝ လွတ်မြောက်ရေး ခရီးစဉ်ကို တားဆီးဟန့်တားလျက် ရှိနေကြဟန်တူ၏။

ထို့ကြောင့် ဗုဒ္ဓသည် ထိုအမှန်မဟုတ် အထင်သာလျှင်ဖြစ်နေသော "အတ္တစဲ" အယူဟောင်းတို့၏ အဟန့်အတားကို အပြီးတိုင် ရိုက်ချိုး ပယ်ဖျက်တော်မူရန် ဤ အနတ္တလက္ခဏာ တရားကိုဆက်၍ ဟောတော်မူရခြင်း ဖြစ်ပေလိမ့်မည် ။

ဒုက္ခ သစ္စာ၏ အကြောင်းရင်း ဖြစ်သော သမုဒယ သစ္စာဟူသည် အခြားမဟုတ်၊ လောဘ ဒေါသ မောဟ စသော ကိလေသာ သုံးပါးသည်သာ ယင်း သမုဒယ သစ္စာ၏ အခြေခံအဖြစ် တဏှာ၏ အင်အား မောင်းတန်ကြီးသုံးသွယ် ဖြစ်ပေသည်။

ယင်းမောင်းတန်ကြီး သုံးသွယ်ကို တခုစီတခုစီ ရိုက်ချိုးချလိုက်နိုင်ပါမှ ပင်ရင်းတဏှာ (အလိုဆာလောင်မှု) သည် အားပျက်သွားမည်ဖြစ်သည်။

ထိုတရားသည် အတ္တ "ငါအရှိ" ဟူသော "ငါအစဲ့ ရေသောက်မြစ်"ကို အရင်းတည် အကြောင်းပြု၍ ပေါ်ပေါက်လာရသော ပင်စည် ပင်ငုတ်ဖြစ်နေရာ၊ ယင်းပင်စည်မှ ကိုင်းတက်ကြီးများဖြစ်သော ကိလေသာ သုံးပါးကို မည်မျှ ခုတ်ချိုင်၍ ချသည်ပင် ဖြစ်စေ၊ ရေသောက်မြစ် မပြတ်သော ပင်ငုတ်သည် ခုတ်ချိုင်သည့် အခိုက်သာ ကိုင်းတက်များ ပြိုကျသွားမည်ဖြစ်သော်လည်း၊ အချိန်မရွေး ကိုင်းသစ်များ အတက်ပြန်ပေါက်လာရန် သေချာနေပြန်သည်။

အမြစ်မပြတ်သမျှ ပင်ငုတ်သည် အသစ်အသစ် ဖြစ်လာသော ကိုင်းတက်များဖြင့် တဖန်စိုပြေ ပြန့်ပွားလာမည်လည်း အမှန်ဖြစ်သည်။

ထို့ကြောင့် ကာမဘဝစရ ကုသိုလ်ဖြစ်သော ဒါန, သီလ, ဘာဝနာ ဂေါလေးများကို အားထုတ်ကြရုံမျှနှင့်ကား ကိလေသာ မျိုးပြုတ်မည်မဟုတ်၊ ကိုင်းတက်ချိုင်ချရုံမျှ သဘောသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် အမြစ်ကိုတူးပစ် ခြင်းသည်သာ စိတ်အချရဆုံး လွတ်မြောက်ရေး အစစ်အမှန်ဖြစ်သည်ဟု ဗုဒ္ဓမြင် တော်မူသည်။

အမြစ်ကား "အတ္တ-ငါစဲ့"တရားဖြစ်နေသည်။ အတ္တရှိသည်ဟူစဲ့မှားနေသမျှ တရားပင်သည် ရှင်သန်နေမည်သာ ဖြစ်သည်။ ရှင်သန်နေသမျှ ကိလေသာ ကိုင်းတက်ကြီး တွေ့ချည်းကို မည်မျှခုတ်ခုတ် ပြန်ပေါက်နေလိမ့်မည်သာ ဖြစ်သည်။

ဤသို့သာ ခုတ်လိုက် ပေါက်လိုက် နေသမျှ ကာလပတ်လုံး သံသရာ လောကီဘုံဖြစ်သော ဒုက္ခသစ္စာနှင့် သမုဒယသစ္စာနယ် မှလွတ်မည်မဟုတ်။ မလွတ်သမျှ ဒုက္ခသစ္စာနယ်၌ သမုဒယ သစ္စာ၏ လွှမ်းမိုးမှု ချယ်လှယ်မှုကို အစဉ်ခံနေကြရမည်သာ ဖြစ်သည်။ အစဉ်ခံနေရသမျှသည် ဒုက္ခသစ္စာချည်းပင် တလည်လည်ပြန့် ဖြစ်နေချေတော့မည် ။

ဒုက္ခသစ္စာမှလွတ်ရန်သည် ၎င်း၏အကြောင်းရင်း သမုဒယ သစ္စာကိုဖြတ်မှ သတ်မှသာ လွတ်မည်ဖြစ်သည်။ သမုဒယကို မည်မျှဖြက်သည် သတ်သည်တိုင် "အတ္တ" ငါစဲ့ ဖြစ်သော ရေသောက်မြစ် မကုန်စင်လေသမျှ အသို့မာန် တည်းဟူသော "ငါစဲ့" ဟူသော တရားကို ကုန်စင်အောင် ထုတ်ပယ်နိုင်မည်မဟုတ်။

ယင်း အသို့မာနကလေး ကျန်နေသမျှ ကာလပတ်လုံး ယင်း ပုဂ္ဂိုလ်သည် မည်သို့မျှ ကြိုးစားအားထုတ်သည်ဆိုစေ၊ အနာဂါမိ မဂ်ဝင် အနာဂါမ်ပုဂ္ဂိုလ် အနာဂါမ် ရဟန္တာဝထက် လွန်သော အရဟတ္တာမဂ် အရဟတ္တဖိုလ်ကို ဆိုက်ရောက်ရန် မလွယ်သေး၊ ကန့်လန့်ကြီး ခံနေပေလိမ့်ဦးမည်။

ဗုဒ္ဓထံ၌ ၅-ရက် တိုင်တိုင်မျှ အပတ်တကုတ် ကြိုးစား အားထုတ်၍ နာယူနှလုံးသွင်းမိကြသူ ပဉ္စဝဂ္ဂိတို့၌ အသို့မာန် မစင်သဖြင့်၊ ဤသို့ အနာဂါမိမဂ်တွင် တန်နေတော်မူကြရသည်ကို သိမြင်တော်မူသော ဗုဒ္ဓရှင်သည် ပဉ္စဝဂ္ဂိတို့ သဏ္ဌာန်၌ ကပ်ကပ်သပ်သပ် ကျန်နေသော အတ္တစဲ့ အသေးအမှား အသို့မာနတရားကို အပြီးတိုင် ပယ်နုတ်သုတ်သင် ပစ်နိုင်စိမ့်သောငှါ၊ ဤအနတ္တလက္ခဏာသုတ်ဖြင့် ဟောမျှ ဘန်စင်ပေးတော်မူလိုက် ပေသတည်း။

No. 13

ထို့ကြောင့် အနတ္တလက္ခဏာသုတ်သည် ဗုဒ္ဓဝါဒီ အမည်ခံရှိ မျှဖြစ်သော ပုထုဇဉ် ဥပစာဗုဒ္ဓ ဝါဒီများ သိမြင်နားလည်နိုင်သော တရားမဟုတ်။ အနည်းဆုံး မဂ်၏ အခြေမျှဖြစ်သော သောတာပန် အဆင့်ကို ခံယူရောက်လာသည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရှေ့ရှုလာသော ပုဂ္ဂိုလ်များသာ သိနားလည်နိုင်သော တရား ဖြစ်ပေသည်။

လိုရင်းကိုဆက်၍ ယခု အနတ္တလက္ခဏာသုတ်ပါ စကားတို့ကို ဆက်၍ အနည်းငယ် ရှင်းပါတော့မည်။ ယခု တပိုဒ်စီ ပြန်ဆိုခဲ့သော အမိပ္ပါယ်များသည်ပင် အတော်ပေါ်လွင်နေပြီး ဖြစ်၍ အထူးတလည် ရှင်းရန်ပင် မျှားစွာမရှိပါ။

အမှတ် ၁- မှာ ပဉ္စဝဂ္ဂိတို့အား ဗုဒ္ဓက ခေါ်တော်မူ၍ အနတ္တလက္ခဏာသုတ် ဟောတော်မူသည်ကို အသျှင် အာနန္ဒာ မထေရ်က အသျှင်မဟာကဿပကြီးသို့ ပြန်လည်လျှောက်ထားခြင်းသာ ဖြစ်သည်။

အမှတ်စဉ် ၂, ၃, ၄, ၅, ၆, တို့မှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ စသည်ဖြင့် ဤရုပ်နာမ်ဟူ၍ အပေါင်း အစပ်ဖြစ်ပေါ်နေသော သက်ရှိဘာဝကို ခန္ဓာ ၅–ပါး ဟု ခွဲခြမ်းစိတ်ဖြာပြီး ယင်းခန္ဓာ တခုစီ တခုစီတို့တွင် "ငါ အတ္တ" ဟူသော ကိုယ်ပိုင် ခန္ဓာအဖြစ် စွဲယူရန်မရှိကြောင်းကို ဖွင့်ဆိုခြင်းဖြစ်သည်။

(၇) ဤ "သံဂီ မည္ဃ" ဟူသောပုဒ်သည် အတော်စဉ်းစားစရာကောင်း၏။ "ရဟန်းတို့ ထိုသို့ ငါဆိုသောစကားကို အသို့ သင်မှတ်ကြသနည်း" ဟူသော အမိပ္ပါယ်သည် ပေါ့ပေါ့တွေးယူရန် မဟုတ်ချေ။

ဗုဒ္ဓသည် "ငါဘုရား" ဟူသော မာနမျိုးမရှိ။ ငါဘုရားဖြစ်၍ ငါပြောတာ သင်တို့ ပြန်မပြောရ၊ ဟုတ်ဟုတ် မဟုတ်ဟုတ် လိုက်နာရမည်ဟု ဗုဒ္ဓသည် ဇွတ်မသတ်မှတ်ပေ။ ဤအချက်သည် ယခု တံကို မည်ထ ဟူ သော ရဟန်းတို့၏ ထင်မြင်ချက်ကို ပြန်လည် မေးတော်မူသော အပိုဒ် တပိုဒ်အရဖြင့် ရှင်းနေ၏။ ဗုဒ္ဓသည် ဆွေးနွေးခွင့် ပေး၏။ စူးစမ်းလေ့လာခွင့်ပြုသည်။ သဘောပေါက်သည်အထိ စဉ်းစားဝေဖန် ဆုံးဖြတ် ခွင့်ပြုကြောင်း ထင်ရှားပေသည်။

၇, ၈, ၉, ၁၀, ၁၁, ထိသော အဓိပ္ပါယ်များသည် ရှင်းပြီးမျှဖြစ်နေသည်။ ဗုဒ္ဓသည် ရုပ်၌ဌင်း နာမ်ခန္ဓာ ၄-ပါးဖြစ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏစသည်တို့ အားလုံး၌ဌင်း၊ အဘယ်ခန္ဓာကိုမျှ မြဲသည်ဟု မမြင်။ ချမ်းသာသည်ဟုမမြင်။ ပိုင်စိုးနိုင်သော တရားဟုမမြင်။ ထိုမြဲသော မချမ်းသာသော မပိုင်စိုးနိုင်သော တရားတို့၌ အတ္တ "ငါ"ဟု စွဲယူရန် အဘယ်ရှိသနည်းဟု မေးတော်မူရာ၊ ပဠဝဂ္ဂိတို့က မရှိမတွေ့ကြောင်းဝန်ခံကြခြင်းဖြစ်သည်။

ယင်းခန္ဓာ ၅-ပါး ကိုသာ ပိုင်စိုးသော "အတ္တ"သည် ကောနှိုးမှန်ပါက ထိုခန္ဓာ ၅-ပါးအား မိမိတည်းဟူသော အတ္တ၏ သဘောကျ အလိုက်သင့်သလို ဖြစ်နိုင်စရာ ရှိကောင်း၏။ ယခုကား မဖြစ်ချေ။ ရုပ်သည် အို,နာ, သေဘေးကိုမဆိုထားဘိ၊ မအိပ်ဘဲမနေ၊ အစာ ရေ လေကို မသုံး ပထုတ်ဘဲ နေအောင် မတားနိုင်ခြင်းက မပိုင်ကြောင်း ထင်ရှား၏။

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ, တို့သည်လည်း အတူတူ နှင့်အနှုန်းချည်းဖြစ်သည်။ မြဲလည်းမမြဲ၊ ပိုင်လည်းမပိုင်၊ ဘာတနုမျှ သဘောကျဖြစ်မလာ၊ သူ့သဘာဝအရ သူ့သဘော သူ့ဆောင်၍ ဘူဖြစ်ချင်ရာ ဖြစ်ပျက်နေခြင်းသည်သာ မှန်သည်။ ထို့ကြောင့် နေတံမမ–ဤကား ငါပိုင်တည်းဟု စွဲစရာ တဏှာလည်းမဖြစ်ထိုက်၊နေသောဟမသို့ ဤကား'ငါပေတည်း'ဟုလည်း မာနဖြစ်စရာမရှိ၊ နမေသောအတ္တာတိ–ဘာကိုမျှ ကိုယ်စိုး ကိုယ်ပိုင်ဟူ၍ မဲ့ယူရန် ဒိဋ္ဌိတရားလည်း မရှိမမှန် ဟူ၍ ဖွင့်ဆိုတော်မူထား၏။

၁၂-၁၃-၁၄-၁၅-၁၆ အပိုဒ်တို့လည်း ယင်း ခန္ဓာ ၅-၊ါးကိုပင် ဆပ်၍ ဖွင့်ပြခြင်းသာဖြစ်၏။ ဤ အပုဒ်မျှားခ္ခ ပါသော အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးစလုံးကို ဗုဒ္ဓသည် ပြတ်သားစွာ သုံးသပ်တော်မူထား၏။ ဤကာလ ၃-ပါးစလုံးကို အနတ္တတရား ချည်း ဟောခဲ့တော်မူထားရာ၊ အဘယ် အတိတ်ဘဝက ကုသိုလ် အကုသိုလ်ကိုသော်၎င်း၊ ပဗုလုပ်သော ကုသိုလ်အကုသိုလ်တို့သည် လည်း ယနေ့အနာဂတ် ဘဝဘဝတွေ့ဆိုုင်း၊ အားလုံး "အနတ္တ" ငါမဟုတ်, ငါမရှိ ဟူသောတရားဖြင့် ဖွင့်ဆိုထားသည် ဖြစ်ရာ၊ အဘယ် ဘဝ၊ဘုံ၊ဖြစ်သည် "ငါ" ဟူသော အတ္တ ခိုင်မာစွာနှင့် ဖြစ်ခဲ့သနည်း၊ဖြစ်ခဲ့ပြီးမည်နည်း။ယင်းအချက်သည် မဟာတဏှာသင်္ခယ်ကျ သုတ်ခ္ခ်ာလည်း ဤအနတ္တ လက္ခဏာသုတ်နှင့် ထပ်တူပင် ဟောဆိုချက် ထင်ရှားရှိနေရာ ဗုဒ္ဓ၏ အဟောမှန်ထင်ရှား၏။

ယင်းသို့ "ဟုတ္တမရှိ ငါမရှိ"ဟု ထင်ရှား ဖွင့်ဆိုထားသော ဤ အနတ္တသုတ်အရ လာမာဝစရ ကုသိုလ် အကုသိုလ်၏ အကျိုးပေး

ကို မြော်သော အစဲ့သည် ကေန် သဘာဝ ကျမကျ စဉ်းစားထိုက်ကြသည်။ငါ ဆက်ဖြစ်မည်ဟု မြော်လင့်က အတ္တ အဆက် ရှိနေသကဲ့သို့ဖြစ်၍ သဿတဒိဋ္ဌိဖြစ်ရန် သေချာ၏။ ဘဝသစ်မရှိဟု စဲ့ယူကလည်း ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ဦးမည်။ ထို့ကြောင့် ဤနေရာတွင် ဤဒိဋ္ဌိ အစွန်း ၂-ခုမှ လွတ်ရန် ယူနည်းမှာ "ငါ"ဆိုသော အကြောက်နှင့် အမြော်ကို စွန့်လွှတ် ပယ်သတ် လိုက်ရန်သာ ဖြစ်သည်။ အကြောက်နှင့် အမြော်သည် ဥပါဒါန်သာဖြစ်၏။ ဥပါဒါန်မလွတ်သော် ဘဝအဖြစ်မရပ်၊ လွတ်သော် ရပ်၏။

ဤကား အရှင်းဆုံးဖြစ်၏။ ကျမ်းဂပါဠိ သုတ်ပေါင်းများစွာ အကိုးအကားရှိ၍ အထူးမခွဲလိုပြီ။ ဤ အပုဒ်များတွင် အထူးစဉ်းစားရမည့် အချက်မှာ အပုဒ် ၁၂ ပြစ်၏။ယုံကိုဥ ရူပံ-အကြင် ရူပ်ဟူသမျှသည် ဟူသော အဓိပ္ပါယ်သည် သေးသေးမဟုတ်၊ မြင်ကြား တွေ့သိနေရသမျှ ရူပ်ဝတ္ထုအားလုံး ပါ၏။သက်ရှိသက်မဲ့ အားလုံးမလွတ်ပေ၊ အတွင်းရူပ်သည်ရင်း၊ အပြင်ရူပ်သည်ရင်း၊ ကြမ်းသောရူပ်၊ နုသောရူပ်၊ ယုတ်ညံ့သောရူပ်၊ မြင့်မြတ်သော ရူပ်ဟူသည်ရင်း၊ စသည်ဖြင့် ခပ်သိမ်းကုန်သော ရူပ်ဟူသမျှကို ရူပ်ဟူ၍သာ ပြတ်ပြတ်သားသားသိ၊ ထိုရူပ်အားလုံး "ငါ"နှင့် မဆိုင်ပါဟူ၍လည်း စဲ့ယူရန် တရားမရှိ။ထို့ကြောင့် ငါဟူသော တရားနှင့် စဲ့ယူရန်မလိုဟု ဆိုထားသည်။

ဤအချက်သည် ဟိုဟာ ဒီဟာကအစ ကိုးကွယ်နေကြသော အရာဝတ္ထု ရူပ်ပစ္စည်း ကြီးငယ်အားလုံးကို ပါ သက်ရောက်စေလျက် ရှိသည်ကို သတိပြုရာ၏။ ငါမရှိပါဘဲ လျက် အ ဘယ်

အရာသည် ငါနှင့်ဆိုင်စရာ ရှိရလေမည်နည်းဟူသောပြဿနာသည် အထွတ်အထိပ်သို့ပင် ရောက်လာမည့် ပြဿနာဖြစ်နေချေပြီ။

သို့သော် ဤအချက်သည် အနတ္တလက္ခဏာပါ စကား အစစ်ဖြစ်၏။ ဤ အနတ္တ လက္ခဏာသုတ်ကား သာမန် ပုထုဇဉ် ဗုဒ္ဓဝါဒီမည်ကာမတ္တများ အတွက်မဟုတ်၊ အရိယာများအတွက်သာ ဗုဒ္ဓဟောခြင်းဖြစ်ဟန် ရှိသည်ဟု စောစောကပင် စကားခံခဲ့သည်ကို သတိပြုကြပါလေကုန်။

သည်ဘာ ဆိုင်ရာ အမှတ်အသား အားလုံးဌာ်လည်း အဘယ်မည်သော ပိဋ္ဌကတ် ကျမ်းလာ စကားတွေပင် ဖြစ်စေ၊ ငါ့သည်ဘာ ငါ့အမှတ်အသားအရ ငါ့အသိ ငါ့ဟာ ဟူသောအစွဲဖြင့် ဘာမျှ စွဲယူရန် မရှိဖြစ်သည်။ ထို့ကိုယ် ့ဟာမဟုတ်သော အနတ္တ အမြင်နှင့်ကြည့်ရ အဘယ်ငြင်းခုံမှုသည်မျှ တယူသန် စွဲယူနှလုံးသွင်းရန် အကြောင်းမရှိ ဖြစ်ပြန်လေတော့ပြီ။ ခန္ဓာ ၅-ပါး စလုံးကို ခွဲခြမ်းစိတ်ဖြာ၍ ပျက်အတိုင်း မြင်အောင် သိအောင်ကြည့်ရန် လို၏။

အပုဒ် ၁၇, ၁၈, ၁၉, တို့ကား တပိုဒ်ခြင်း ပြန်ဆိုထားချက်အရ ရှင်းပြီးဖြစ်၍ အလူးမလိုတော့ပေ။

အချုပ်အားဖြင့် ဤခန္ဓာ ၅-ပါး၏ အပေါင်းအစုဖြစ်သော ရုပ်နာမ်သက်ရှိ ဘာဝသည် သက်ရှိဘာဝအဖြစ် ခေတ္တဖဲ့ စည်းလုပ်ရှားနေရသည့် အခိုက်အတန့်မှတပါး မြဲသော ငါ "အတ္တ" ဟူ၍ စွဲယူရန် တရားမရှိ၊ အနတ္တ ချည်းလာဖြစ်၍ အနှစ်သာရမရှိ၊ ငြိုးငေ့စရာသာဖြစ်သည်။ ဤခန္ဓာ ၅-ပါးခွဲ တွယ်ဘာမှုမထားသော် ဝိမုတ္တိ လွတ်မြောက်ခြင်းသာတည်းဟု ဟောထားလေသည်။

ဤအနတ္တ လက္ခဏာသုတ်၏ နိဂုံးတွင် "နိဗ္ဗာန္တိ" ဟူသော ပုဒ်ကို "အနုစ်သာရမတွေ့ ငြိုးငေ့ပြီ" ဟု ပြန်ဆိုလိုက်ချဉ့် မူလ ပါဠိပုဒ်ရင်း၏ အဓိပ္ပါယ်အရ မူမမျက်ပြန်ဆိုရခြင်းသာ ဖြစ်ပါ၏။

အမှန်စင်စစ် "နိဗ္ဗာန္တိ" ဖြစ်ခြင်း၏ သဘောမှန်မှာ ငြိုးငေ့ခြင်းဆိုရုံမျှနှင့် သဘောပေါက်လွယ်မည့်မဟုတ်။ "ရိုးသွားပြီ-မဆန်းတော့- ဖြစ်ရိုးဖြစ်စဉ် အစဉ်မမှတာ သဘာဝမျှသာ ပါတကား" ဟူ၍ သိမြင်သွားခြင်းသာ ဖြစ်ပေသည်။

ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာ သဘာဝတခုကို ကျနေသေချာစွာ သိမြင်ခံယူပြီးသူသည် မည်သည့်ဖြစ်ပျက်မှု ကြုံတွေ့ရမှု အမျိုးမျိုးကိုမျှ မဆန်းတော့ချေ။ ဆန်းသည် ထူးသည် ဟူ၍လည်း မစွဲထင်တော့ချေ။သူ့အဖို့ ဤကား ဤသို့သာလျှင်ကတည်းဟု သဘောပေါက်နေခြင်းပင် ဖြစ်သည်။

မျက်လှည့်ပြပုံ နည်းမျိုးစုံကို ဤသို့ပြုလုပ်ခြင်းသာဖြစ်သည်ဟု သိထားသူအဖို့ ယင်းမျက်လှည့်ပွဲကို ကြည့်နေရစေကာမူ တစုံတရာ မအံ့ဩသကဲ့သို့ရင်း—

ဇာတ်တဇာတ်ကို စင်တင်ပြရန် သီချင်းဆိုပုံ ကပုံကအစ အမှုအရာ အားလုံးကို ဇာတ်တိုက် ပြင်ဆင်နေစဉ် ကာလက သိမြင်နေသူအဖို့ ထိုဇာတ်အား တကယ်ကပြသည်ကို ကြည့်ရစေကာမူလည်း အဆန်း မထင် မငို့မရှင် ပြကတော့ ဟင်းလင်းကြီး တောက်လျှောက် တိုးလျှိုးသဘောပေါက်ပြီးနေသူသည် မဆန်းတော့သကဲ့သို့ရင်း—

နေ့စဉ်နှင့်အမျှ တဝိုက်ဝိုက် တမဲ့မဲ့နှင့် ရောက်လာသော လူနာ မျိုးစုံကို တွေ့မြင်နေကျ ဖြစ်သော ဆရာဝန်တဦးအဖို့ တထွာ လောက် အပေါက်အပြဲ သေးရှင်ရှင်နှင့်သူကိုသော်၎င်း၊ ဒုံးပြတ် ခြေပြတ် လူနာကိုသော်၎င်း၊ သူ့အဖို့ နေ့စဉ် တွေ့ရိုးတွေ့စဉ် ကိစ္စထက် ဘာမျှမဆန်းသကဲ့သို့၎င်း--

မဆန်းတော့ပြီဖြစ်သော ဖြစ်နေကျ ကြုံနေကျ ဓမ္မတာတခု သည် ဓမ္မတာ သဘောမျှထက် မပိုတော့သဖြင့်၊ မည်သို့မျှ တစုံ တရာ ထိခိုက်ခြင်း, ဝမ်းသာခြင်း, ဝမ်းနည်းခြင်း, ထူးဆန်းခြင်း အံ့သြခြင်း, စိုးနှောင့်ခြင်း စသည်တို့နှင့်တကွ ကြောင့်ကျခြင်း, တောင့်တခြင်းတို့ပါ ဆိပ်သုဉ်းနေသူ ပုဂ္ဂိုလ်မျိုးဌ ဤ မဆန်း တော့ခြင်းမျိုးကို "နိဗ္ဗာန်တိ" ဟူ၍ ခေါ်ဆိုနိုင်ပေသည်။

ဤသည်ပင် အနတ္တ လက္ခဏာသုတ်၏ ဆိုလိုရင်း အဓိက အ ချုပ် ဖြစ်ပေသည်။ ၎င်းတည်းဟူသော အတ္တလည်း အပြီးတိုင် ပြုတ်ပေတော့သည်။

၎င်းပြုတ်သူသည်သာ ဒုက္ခ၏ ကြောင်းရင်းခံဖြစ်သော တဏှာ အမျိုးမျိုးကို ကျော်လွန်မြောက်သူ ဖြစ်ရပေမည်။

အကြောင်းမူကား ဤတဏှာသည် ဘဝဖြစ်၏။ ကြောင့်ကြ မှု တောင့်တမှု အစုံစုံတို့၏ ပင်ရင်း ရေသောက်မြစ် ဖြစ်ချေမည်။ ကြောင့်ကြမှု တောင့်တမှု ကျန်နေသေးသမျှ တဏှာ အငုတ်မှ စင်စစ် လွတ်ငြိမ်းသူမဟုတ်။ လွတ်ငြိမ်းသူ မဟုတ်သမျှ ယင်း တဏှာအမြစ်ငုတ်မှ သံသရာ အတက်ပေါက်ခါ ပြန်လည် ကျဉ် လည်နေမည်မှာ မုချတည်း။

ဤသည်ကြောင့်ပင် ဗုဒ္ဓရှင်သည် ဤမည်သော သံသရာ့ဒုက္ခ တည်းဟူသော ဒုက္ခသုံးမျိုးဖြစ်သည့် (၁) သဘာဝဒုက္ခ (၂) သင်္ခါရဒုက္ခ (၃) အဘိဓမ္မာ ဒုက္ခတည်းဟူသော ဒုက္ခသစ္စာအလုံး စုံတို့မှ လက်စသိမ်းကိစ္စပြီးစေရန် ရည်မြှော်၍ ပဌမဟောတော်မူသော ဓမ္မစက္ကြာသုတ်မှ ဒုက္ခ၏ သဘာဝကို ထင်ရှားကင်းပြီးစေရန် ဤအနတ္တလက္ခဏာသုတ်ပါ အနက်သဘောကို ထပ်မံဟော ပေါ်တော်မူလိုက်ခြင်းပေတည်း။

No. 14

နိုဂုံး

ဤမျှဖြင့် လက်ရှိပိဋ္ဌကတ် အရပ်ရပ်ပါ ဗုဒ္ဓဒေသနာ အားလုံးကို မှတ်တင် ဆုံးဖြတ် ရွေးကောက်နိုင်ရန် လုံလောက်ပြီဟု ထင်ပါသည်။

ဤလောကၽွန် မည်သည့် သဘာဝမှတရား တခုခုပင်ဖြစ်စေ ပရမတ္ထ သဘာဝတရားရင်း တခုခုကို တည်ကိန်းခံ၍ ကြောင်းကျိုး ဆက်ပွားလာခြင်းသာ ဖြစ်သည်။

ထိုထိုကြောင်းကျိုးဆက် တရားစုတို့အား တစပြိုးတစ ပြန်လည် ကောက်နှုတ် ယူလိုက်ပါက မူလပရမတ္ထသဘာဝသို့ အဆင့်ဆင့် ပြန်ရောက်သွားရိုးပင် ဖြစ်သည်။

ဥပမာ ဆိုကြပါစို့ –

၃×၃သည်= ၉· ဖြစ်လာပေမည်။ ယင်းရလဒ် ၉·ကို ၃·နှင့် ပြန်စားသော် ၃·ပင် ပြန်ဖြစ်လာမည် ဖြစ်၏။

ထို့အတူ ၄·ကို ၅·ပေါင်းသော် ၉·ဖြစ်မည် သေချာ၏။ ထိုရလဒ် ၉·မှ ၄·ကို နှုတ်သော် ၅·ကျန်မည်။ သို့မဟုတ် ၅·ကို နှုတ်သော် ၄ ကျန်မည်မှာ သေချာ၏။

ဤအတိုင်းပင် မည်မျှမျှားပြား ရှည်လျားသော ဂဏန်းသင်္ချာပင်ဖြစ်စေ၊ တစုံတခုသော တည်ကိန်းကို အခြေခံ ပေါ်လာခြင်းသာ ဖြစ်သည်။ ယင်းဂဏန်းတို့မှ အဆင့်ဆင့် ပြန်ရှင်း တွက်ချလျှင် မူလ အခြေခံ တည်ကိန်းသည် တဖန်ပြန်လည် ပေါ်လာမည်ဖြစ်၏။ ဤသို့မူလတည်ကိန်းမှန်သို့ ပြန်ဆိုက်လာမှုလည်း ယင်းသင်္ချာသည် အမှန်ဟုဆိုနိုင်၏။

တည်ကိန်းတခုကိုဇတာ့ တည်ပါ၏၊ ထိုတည်ကိန်းကို အခြေပြု၍ အပြေတွေလည်း တွက်လာပါ၏။ သို့သော် ပြန်၍ အဆင့်ဆင့်ဆစ်ပြီး တိုက်ကြည့်လိုက်သောအခါ မူလတည်ကိန်း ပြန်မပေါ်ဘဲ အလွဲ ဒေါ်ကော ဂဝေါ်သွားပါက ယင်းတွက်ကိန်းသည် မည်မျှ ဝမ်းနည်းထည်ဝါသော တွက်ကိန်းပင်ဖြစ်စေ၊ မှန်သည်ဟု မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ချေ။

ဤအဝိုင်းပင် ဗုဒ္ဓ၏တရားတော်သည် သစ္စာ ၄-ပါးကို အခြေခံ၍ ဖွဲ့ဆိုဖတော် မူခဲ့သော တရားတော်ချည်းဖြစ်၏။ ထိုထို တရား အသီးသီး ဒီသက အသက တို့အား ချုပ်လိုက်ပါက သစ္စာ ၄-ပါးသို့ ပြန်ဆိုက်လျှင် ဗုဒ္ဓဟော အမှန်ဟုဆိုနိုင်၏။

သစ္စာ ၄-ပါး ပြန်မဆိုက်ဘဲ၊ သံသရာ့လက်သည် တဏှာ ဟောထဲက "အတ္တ" နယ်ကို ဝင်သွားပါက ကျည်သည့်နည်းနှင့်မျှ ဗုဒ္ဓဟော မဟုတ်နိုင်တော့ပေ။

၂×၃ ဘည်ရင်း၊ ၅+၇ သည်ရင်း၉-မှ၀-ပါး အခြား အဝင်ဖြတ်ထွက်လာရန် အကြောင်းမရှိ။ မြောက်ဝန်ကိုင်းနန်းက လူက တွက်ပတ်ပြီးရေ့ယမ်သင်ပမ်ဘုန်း ပစ္စာ ဖိပမ်သမ္ဗုဒ္ဓရာဇာ ၊ လူတတ်ကွက်ကွက်

အာကာသယဉ်ပေါ်က လူကတွက်တွက်၊အဖြေလွဲ ထွက်ပေါ်လာ စရာ အကြောင်းမရှိ။ အားလုံးအဖြေမှန် ၉–ချည်း ထွက်လာ လိမ့်မည်သာ ဖြစ်၏။

ဤကား လောကီနယ်က သမုတိသစ္စာ ကလေးမျှသာ ဖြစ်သေး၏။ ဤသည်ကိုပင် အဖြေလွဲ မထွက်နိုင်ကြပေ။

ယခုကား ပရမတ္ထသဘာဝ အစစ်ဖြစ်သော မလွဲမသွေ အစဉ်မှန်နေပါသည်ဆိုသော ဗုဒ္ဓ၏ သစ္စာ ၄–ပါးကိုတော့ လက်ခံယုံကြည်ကြသည်။

ထွက်လာလိုက်ကြသည့် အဖြေတွေကား– တမလွန်တွေရော ဘုံစင်စံတွေရော ဆုတောင်းဆုပေးတွေရော တခုနှင့်တခု စပ်မရ ဟပ်မရအောင် ကွဲချင်တိုင်း ကွဲနေသည့် အဖြေပေါင်း အနန္တဖြစ်နေလေပြီ။

သစ္စာ ၄–ပါးနှင့် ပြန်တိုက်လျှင် ဗုဒ္ဓပယ်ထားသော ဒုက္ခသစ္စာနယ်ထဲက တရားတွေတွင်သာ သွားဆိုက်နေကြချေပြီ။

ဤမျှဆိုက ဗုဒ္ဓဝါဒီအမည်ခံ ထိုထိုအယူအဆ အမျိုးမျိုးတို့သည် ဗုဒ္ဓ၏မူလသစ္စာနှင့် အံဝင်ဂွင်ကျဟုတ်မဟုတ် သိလောက်ကြပေပြီ။

ယခုကား သစ္စာ ၄–ပါးနှင့် မကိုက်မှန်းသိပါလျက်သားထဲကပင် "အတ္တဂိုဏ်း" မှ ကမ္မသကတ အစဲ့ကြီးကို မစွန့်နိုင်သဖြင့် မျက်စေ့မှိတ် ဇွတ်ငြင်း ခံနေကြချင်သေးသူတွေ ရှိနေသေး၏။ မည်သည့်နည်းနှင့်မျှ ဗုဒ္ဓဝါဒီအစစ် ဗုဒ္ဓ၏အဆုံးအမခံ အစစ်ဟုမခေါ်ဆိုနိုင်ပေ။

ဗုဒ္ဓသည် ဤလောကအား ဒုက္ခဘုံဟု ဟောဖေါ်တော်မူခဲ့သည်မှန်၏။ ဤလောကသည်လည်း အခြားမဟုတ်၊ ယခုရုပ်နာမ် အသီးသီး၏ သဏ္ဌာန် အစဉ်ကိုပင် လောကဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။

ဤရုပ်နာမ်မှ ဒုက္ခငြိမ်းသွားရေးသည်သာ ဗုဒ္ဓ၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ ဤသည်ပင် လွတ်မြောက်ခြင်းဖြစ်၏။ ငြိမ်းခြင်း ဖြစ်၏။

ဤငြိမ်းမှုသည် ယခု ပစ္စုက္ခ မျက်မှောက်ဖြစ်မြောက်နိုင်သော သဘာဝ ရှိကြောင်းကို ဗုဒ္ဓရှင်သည် မဂ္ဂသစ္စာတွင် အစုံဖွင့်၍ဟော တော်မူပြီး ဖြစ်သည်။

အပြင်လောကသည်ကား မိမိတည်းဟူသော "ငါ့ဆဲ" မြူမျှ မကျန်က အလိုလို သူ့သဘာဝ အလျောက် သူဖြစ်နေသော သဘာဝမှသာ ဖြစ်နေပေလိမ့်မည်။ စဲပိုက်စရာ ပူပန်စရာ တောင့်တစရာ ကြောင့်ကြစရာ ဘာမျှမရှိ ဖြစ်ပေလိမ့်မည်။

စကားပမာ ဆိုကြဦးစို့ –

ဘုန်းကြီးပုံ့ တခုအတွက် ပြဿဒ်, တလားကြီး, စင်ယှဉ် စသည်ဖြင့် ရေးချယ်နေကြသော ပန်းချီ ပန်းပု ပညာသည် အသီးသီးတို့သည်၊ တဦးထက်တဦး မသာ,သာအောင် မလှ, လှအောင် ပြုလုပ်နေကြသည်ချည်းဖြစ်၏။

ဤသို့သာ လုပ်နေကြသည်။ သူတို့သည် ဤမည်သောလက်ရာကောင်း လက်ရာမှန် အနုပညာထည်တို့ကို ဘုန်းကြီးပျံ့၏ နောက်ဆုံးနှင့် မီးရှို့ဖျက်ဆီးပစ်ရမည့် ပစ္စည်းများ ဖြစ်သည်ကို သိ,သိကြီးနှင့် ပြုလုပ်နေကြခြင်းသာ ဖြစ်ကြသည်။

နောက်ဆုံးနှင့် အကယ်မီးရှို့ပစ်ကြသောအခါလည်း မီးလောင်ပြာကျသည်ကို ကြည့်ခါနေကြစေကာမူ၊ နှမြောခြင်းတွန့်တိုခြင်းမရှိတော့ပေ။ မီးရှို့ရမည်လားဟုလည်း ရန်စောင်မာန်မဲမပြုကြချေ။

ဤသို့ဖြစ်သည်မှာ အခြားမဟုတ်၊ ဤအရာများသည် စကတည်းက မီးရှို့ဘို့လုပ်ခဲ့ကြသည်သာပါကလား ဟူသော အသိက အခံရှိနေသောကြောင့်ဖြစ်၏။

ယခုလည်း ဗုဒ္ဓဝါဒီအစစ်တဦးဖြစ်ပါက နိုဗွာန်မျက်မှောက်မပြုနိုင်သေးစေကာမူ၊ ဤလောကအတွင်းခဏ် အမျှားနည်းတူသွားလာ လုပ်ကိုင်နေထိုင် နေသည်ပင်ထားဦး၊ အပြင်ဗဟိဒ္ဓကိစ္စ အဆွယ်အပွားသာမက အသက်သေသွားရမည့် ကိစ္စတိုင်ကြောင့်ကြမဲ့စွာ သေဘို့ဖြစ်လာသော ဇာတိသဘာဝအရ သေခြင်းသာဖြစ်သည်ဟူသော အသိဉာဏ်ကို အခံထားပါလျှင် ဘာတခုကိုမျှ တောင့်တကြောင့်ကြ နေတော့မည်မဟုတ်၊ စိုးနှောင့် ကြောက်ရွံ့ နေလိမ့်မည်လည်း မဟုတ်ပေ။ ပျော်ပျော်ကြီးနေသွားနိုင်မည်သာ ဖြစ်သည်။လွတ်လွတ် လပ်လပ်ကြီး စွန့်လွှတ်ထားမည်သာ ဖြစ်ပေသတည်း။

ကိုလေသာ တဏှာ၏ ရေသောက်မြစ် ဖြစ်သော ပဋ္ဌပါဒါ နက္ခန္ဓာပီဒုက္ခာကို လေးနက်စွာ သဘောပေါက်တော်မူကြပြီး လျှင်၊ ထိုထို အာရုံ ကာမဂုဏ်တို့ကို လွန်မြောက်တော်မူ နိုင်ကြပါစေသတည်း။

သခင်မြတ်ဆိုင်